ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့် အမှတ်၊ မနသ-၁၁၄၅/၂၀၁၆ ။ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ (ခ) အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) **ရင်းနှီးမြှုပ်နှံသူ၏အမည်** ဦးဝင်းလွင်

(ခ) **အဘအမည်** ဦးအောင်

(ဂ) **နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ်** ၁၂/ဗတထ(နိုင်) ၀၂၈၆၃၉

(ဃ) **နေရပ်လိပ်စာ** အမှတ် (၉၈)၊ မြေညီထပ်၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

(င) **ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း** မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited)

(စ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်လုပ်ငန်းအမျိုးအစား** ထီးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း

(ဆ) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်အရပ်ဒေသ(များ)** ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၁၊ မြေကွက်အမှတ်- ၁၀/က၊ ၁၁/က၊ ၁၂၊၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁၊ အမှတ် ၉ ရပ်ကွက်၊ ရန်ကုန် - အင်းစိန်လမ်း၊ အမှတ် ၁၁၁ ရှိ မြန်မာ့ထီးစက်ရုံခွဲ (လှိုင်) ရှိ မြေဧရိယာ ၂.၃၃၆ ဧက

(ဇ) **မတည်ငွေရင်းပမာဏ(ကျပ်)** ကျပ် ၂,၇၃၇.၀၀ သန်း (ကျပ် နှစ်ထောင့် ခုနှစ်ရာ သုံးဆယ့် ခုနှစ်သန်းတိတိ)

(ဈ) **တည်ဆောက်မှုကာလ** ၁၂ လ

(ည) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့်သက်တမ်း ၃၀ နှစ်

၂၄/၃

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ၇၀ / ၂၀၁၆(မနသ)

၂၀၁၆ ခုနှစ် မတ်လ ၂၄ ရက်

၁။ မြန်မာကုမ္ပဏီဖြစ်သော မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၁၊ မြေကွက်အမှတ်- ၁၀/က၊ ၁၁/က၊ ၁၂၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁၊ အမှတ် ၉ ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၁၁၁ ရှိ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)ရှိ မြေဧရိယာ ၂.၃၃၆ ဧက (၉,၄၅၃.၄၆ စတုရန်းမီတာ)တွင် ထီးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၁၁-၃-၂၀၁၆) ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၉/၂၀၁၆) အစည်းအဝေးမှ ကနဦး နှစ် ၂၀ သက်တမ်းကုန်ဆုံးမည့်အချိန်နီးမှသာ ကနဦးသက်တမ်းကို နှစ် ၅၀ သို့ တိုးမြှင့်ခွင့်ကို ပြန်လည်တင်ပြရန်နှင့် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited)အား ထီးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ မနသ-၁၁၄၅/၂၀၁၆ ကို ထုတ်ပေးလိုက်သည်။

၂။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited)) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း (၁၁) အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကိုထုတ်ပြန်လိုက်သည် -

(က)ဥပဒေပုဒ်မ ၂၀(က)အရ ထုတ်လုပ်မှု လုပ်ငန်း စီးပွားဖြစ် စတင်သော နှစ်အပါအဝင် တစ်ဆက်တည်း(၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။

(ခ) ဥပဒေပုဒ်မ ၂၀(ဂ) အရ လုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို ပြန်လည် ရင်းနှီးမြှုပ်နှံရန်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် ကာလကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည်ရင်းနှီးမြှုပ်နှံသည့်အခါ လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၂၀(ဃ) အရ လုပ်ငန်းက ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့ တင်ပို့ရောင်းချလျှင် ထိုသို့တင်ပို့ရောင်းချ၍ရရှိသော အမြတ်ငွေပေါ်တွင် ၅၀ ရာခိုင်နှုန်း

ကန့်သတ်

အထိ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန် အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၅)နှစ် ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ်အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၂၀(စ)အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ် ပေါ်ပေါက်သည့် အရှုံးငွေကိုယင်းသို့ အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ကို လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၂၀(ဆ)အရ လုပ်ငန်းစတင် တည်ဆောက်မှုကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှ တင်သွင်းသော ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများပေါ်တွင် အကောက်ခွန်နှင့် အခြား ပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၂၀(ဇ)အရ ဝင်ငွေခွန်စည်းကြပ်ရန်အလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း ကိရိယာ၊ အဆောက်အဦ သို့မဟုတ် လုပ်ငန်းသုံးအခြားမတည်ပစ္စည်းများ အပေါ်တွင် နိုင်ငံတော်ကသတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုးလျော့တွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်း တန်ဖိုးလျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဆ) ဥပဒေပုဒ်မ ၂၀(ဈ)အရ လုပ်ငန်းတည်ဆောက်မှု ပြီးစီး၍ ပထမသုံးနှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြား ပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဇ) ဥပဒေပုဒ်မ ၂၀(ည)အရ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ် အသုံးပြုရန် လိုအပ်၍ ပြည်ပမှတင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန် ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့်ကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀(ဆ)အရ ပြည်ပမှ တင်သွင်းသည့် ယာဉ် ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင် တန်ဆာပလာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရာတွင် တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊

အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှုစသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရမည်။

၄။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလ အဆိုပြုလွှာ၌ ဖော်ပြထားသည့် **ထုတ်လုပ်မှု ရည်မှန်းချက်များကို အနိမ့်ဆုံးရည်မှန်းချက်များ** အဖြစ်ထားရှိဆောင်ရွက် အကောင်အထည်ဖော်ရမည်။

၅။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြားပြုစု ထားရှိရမည်။

၆။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတည်ပြုပြီးဖြစ်သော စက်မှုဝန်ကြီးဌာန၊ အမှတ် ၃ အကြီးစားစက်မှုလုပ်ငန်း(ယာဉ်စက်ကိရိယာနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)ပိုင် မြန်မာ့ထီးစက်ရုံခွဲ (လှိုင်)၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေနှင့်အဆောက်အဦအား ငှားရမ်းခြင်း သဘောတူစာချုပ်အပေါ် သက်တမ်းတိုးမြှင့်လုပ်ကိုင်သည့် ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်ကို ကော်မရှင်၏ဆုံးဖြတ်ချက်နှင့်အညီ ကိုက်ညီအောင် ပြန်လည်ချုပ်ဆိုရမည်။

၇။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေငှားရမ်းခြင်း သက်တမ်းကာလမှာ မြေငှားစာချုပ် လက်မှတ်ရေးထိုးသည့် ၁-၉-၂၀၁၁ ရက်နေ့မှစတင်၍ ကနဦးနှစ်(၂၀)နှင့် သက်တမ်းတိုးကုန်ဆုံးမည့်မြှင့်မည့်ကာလမှာ တစ်ကြိမ်လျှင် (၅)နှစ်စီဖြင့် (၂)ကြိမ် ဖြစ်ပါသည်။ ကနဦး နှစ် ၂၀ သက်တမ်း ကုန်ဆုံးမည့် အချိန်နီးမှသာ ကနဦးသက်တမ်းကို နှစ် ၅၀ သို့ တိုးမြှင့်ခွင့်ကို ပြန်လည်တင်ပြရမည်။ ထိုသို့စာချုပ်သက်တမ်းကာလ တိုးမြှင့်ခြင်းအား ကော်မရှင်သို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပြီးမှသာ အတည်ဖြစ်သည်။

၈။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် စက်ရုံ၊ မြေနှင့်အဆောက်အဦများ၏ ငှားရမ်းခနှုန်းထားအဖြစ် တစ်နှစ်လျှင် ကျပ် ၄၉.၇၇၈ သန်း (ကျပ် လေးဆယ့်ကိုးသန်း ခုနှစ်သိန်း ခုနှစ်သောင်း ရှစ်ထောင်တိတိ) အား စက်မှုဝန်ကြီးဌာန၊ အမှတ် ၃ အကြီးစားစက်မှုလုပ်ငန်း(ယာဉ်စက်ကိရိယာနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)သို့ ပေးသွင်းရမည်။

၉။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် မြေအငှားချထားသူ အမှတ် ၃ အကြီးစားစက်မှုလုပ်ငန်း (ယာဉ်စက်ကိရိယာနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)၊ စက်မှုဝန်ကြီးဌာနနှင့် အငှားချထားခြင်းခံရသူ မြတ်မိဘ ကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) တို့မှ ပြင်ဆင်ချုပ်ဆိုမည့် မြေငှားရမ်းခြင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး၍ ထိုက်သင့်သောတံဆိပ်ခေါင်းခွန်များအား ထမ်းဆောင်ပြီးသည့်အခါ ယင်းသဘော တူစာချုပ် မိတ္တူ(၅) စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့တင်ပြရမည်။

၁၀။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေး

တို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ကို ပြုလုပ်ဆောင်ရွက်ပြီး ယင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကော်မရှင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့သို့ ပေးပို့အစီရင်ခံရမည်။

၁၁။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းသည့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၂။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်ရှင်နှင့် အလုပ်သမား ဆက်ဆံရေး ပြေလည်စေရန် အလေးထားဆောင်ရွက်ရမည်။ လုပ်ငန်းခွင်သာယာရေးနှင့် စာရင်းဇယားများ စနစ်တကျ ရှိစေရေးအတွက် အဆိုပြုချက်တွင် တင်ပြထားသည့်အတိုင်း စီစဉ်ဆောင်ရွက်ရမည်။

၁၃။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်။ ထို့ပြင် ရေသိုလှောင်ကန်၊ မီးသတ်ဆေးဘူးများကဲ့သို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု ဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီး မီးငြိမ်းသတ်ရေး လုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုတတ်စေရန် သင်တန်းများပေးရမည်။

၁၄။ ထို့ပြင် ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ အခြားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားမှု အခြေအနေကို ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၅။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ထားရှိဆောင်ရွက်ရမည်။

၁၆။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် ကနဦး လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့် ရရှိပြီး (သုံး)လ အတွင်း ဤကော်မရှင် သို့ **မပျက်မကွက်**

အစီရင်ခံရမည်။ ထို့အပြင် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၃)လ တစ်ကြိမ် **မပျက်မကွက်** ပုံမှန် ပေးပို့အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း၏ စီးပွားဖြစ်စတင်ဆောင်ရွက်သည့်နေ့ရက်ကို စီးပွားဖြစ်စတင်ပြီး (တစ်)လ အတွင်း ဤကော်မရှင်သို့ **မပျက်မကွက်** အစီရင်ခံရမည်။

၁၇။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နေရပ်ဒေသ လိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်းနံပါတ်)တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ **မပျက်မကွက်** တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၈။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၉။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမရှိစေရ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ထုတ်ပေးထားသော ခွင့်ပြုမိန့်၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် ခွင့်ပြုမိန့်၊ လုပ်ငန်းလိုင်စင်တို့ကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် လိုအပ်သလို အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၂(င)အရ နောင်တွင်မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက် စီးပွားရေး လုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်းခံရမည်။

၂၀။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့်နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဇေယျာအောင်)
ဥက္ကဋ္ဌ

စာအမှတ်၊ ရက-၃ / မ- ၁၃၂၈ / ၂၀၁၆ (၄၆၂-က)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် မတ်လ ၂၄ ရက်

ဖြန့်ဝေခြင်း

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

မြန်မာနိုင်ငံတော် ဗဟိုဘဏ်

ပြည်ထဲရေးဝန်ကြီးဌာန

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

ဘဏ္ဍာရေးဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

မိတ္တူ

ကန့်သတ်

၇

ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့အာမခံလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

အုပ်ချုပ်မှုဒါရိုက်တာ၊ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Company Limited)

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဖြင့် တင်ပြလာသော မြတ်မိဘကုမ္ပဏီလီမိတက်၏ ကော်မရှင်အစည်းအဝေးသို့ တင်ပြရန်ကြာချိန်

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ
၁	အဆိုပြုချက်လက်ခံရရှိခြင်း	၂၇-၁-၂၀၁၆	-
၂	**သဘောထားမှတ်ချက်တောင်းခံခြင်း**		
	- ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၃-၂-၂၀၁၆	၂၃-၂-၂၀၁၆
	- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန	၂-၂-၂၀၁၆	၂၉-၂-၂၀၁၆
	- စက်မှုဝန်ကြီးဌာန	၃-၂-၂၀၁၆	၂၃-၂-၂၀၁၆
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေးတင်ပြခြင်း(၅/၂၀၁၆)	၁-၂-၂၀၁၆	-
၄	အဆိုပြုလွှာ လက်ခံကြောင်း ကုမ္ပဏီသို့ ပြန်ကြားခြင်း	၂-၂-၂၀၁၆	
၅	ကုမ္ပဏီမှ အစည်းအဝေးဆုံးဖြတ်ချက်အရပြန်လည်တင်ပြလာခြင်း	-	၇-၃-၂၀၁၆
၆	**စုစုပေါင်းကြာမြင့်ရက်**	**(၄၀)ရက်**	

ကုမ္ပဏီအမည်	-	မြတ်မိဘကုမ္ပဏီလီမိတက်
အဖွဲ့အစည်းပုံသဏ္ဍာန်	-	မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	ထီးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
တည်နေရာ	-	မြေကွက်အမှတ်- ၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၁၊ [အမှတ် ၉ ရပ်ကွက်၊ ရန်ကုန်- အင်းစိန်လမ်း၊ အမှတ် ၁၁၁ ရှိ မြန်မာ့ထီးစက်ရုံခွဲ (လှိုင်)]၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	ကျပ် ၂,၇၃၇.၀၀ သန်း
အရင်းကြေကာလ	-	၂၃ နှစ် ၃ လ
IRR	-	၂၁.၂၈ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစု တင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်းလစာ	ကျပ် ၂.၁၆၀ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၁၆၅ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	-	
၄	ဝင်ငွေခွန်	ကျပ် ၈၉.၅၇ သန်း	ကျပ် ၁၂၄.၃၀ သန်း
၅	ကုန်သွယ်လုပ်ငန်းခွန်		ကျပ် ၁၆၉.၆၃ သန်း
၆	လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၁၄၀.၀၀ သန်း
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ်သိန်း နှစ်ဆယ်ထက်ကျော်ပါက အခွန်ပေးရမည့်ဝန်ထမ်း(၆)ဦး
၈	မြေငှားရမ်းခ		ကျပ် ၃၄၈.၄၄ သန်း
၉	CSR (၂%)		ကျပ် ၁၀.၃၈ သန်း
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ဝန်ထမ်း (၄၃) ဦး အလုပ်အကိုင်ရရှိမည် ဖြစ်ပါသည်။
	စုစုပေါင်း	**ကျပ် ၉၁.၇၃ သန်း**	**ကျပ် ၇၉၃.၉၂ သန်း**
	Cost : Benefit	**၁ : ၈**	

ကန့်သတ်

အကြောင်းအရာ။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဖြင့် မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Co., Ltd.) မှ ထီးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ

၁	ကုမ္ပဏီအမည်	- မြတ်မိဘကုမ္ပဏီလီမိတက်
၂	လုပ်ငန်းအဆိုပြုသူအမည်	- ဦးဝင်းလွင် (အဘ- ဦးအောင်)
၃	အဆိုပြုလုပ်ငန်းအမျိုးအစား	- ထီးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၄	လုပ်ငန်းတည်နေရာ	- မြေကွက်အမှတ်- ၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၁၊ [အမှတ် ၉ ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၁၁၁ ရှိ မြန်မာ့ထီးစက်ရုံခွဲ (လှိုင်)]၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
	မြေပိုင်ရှင်	- အမှတ် ၃ အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
	မြေအကျယ်အဝန်း	- မြေဧရိယာ ၂.၃၃၆ ဧက (၉,၄၅၃.၄၆ စတုရန်းမီတာ)
	အဆောက်အဦ	၂၁ လုံး
	နှစ်စဉ်မြေနှင့်အဆောက်အဦငှားရမ်းခ	- ကျပ် ၄၉.၇၇၈ သန်း
	မြေငှားသက်တမ်း	- ကနဦး ၂၀ နှစ် (သက်တမ်းတိုး ၅ နှစ် ၂ ကြိမ်) (၁-၉-၂၀၁၁ မှစ၍ ငှားရမ်းစာချုပ် စတင်ချုပ်ဆိုထားပြီး ၁၆ နှစ် ကျန်ရှိပါသည်)(ပြည်ထောင်စု အစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ် ၃/၂၀၁၄ (၆-၂-၂၀၁၄)ခွင့်ပြုချက်အရ)
၅	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- **ကျပ် ၂,၇၃၇.၀၀ သန်း**
	ငွေပမာဏ	ကျပ် ၅၀၀.၀၀ သန်း
	အဆောက်အအုံ ပြုပြင်စရိတ်	ကျပ် ၂,၁၄၇.၀၅ သန်း
	ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ တန်ဖိုး	ကျပ် ၁၅.၃၃ သန်း
	ကုန်ကြမ်းပစ္စည်းတန်ဖိုး	ကျပ် ၇၄.၆၂ သန်း
၆	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	- ကနဦး ၂၀ နှစ် (သက်တမ်းတိုး ၅ နှစ် ၂ ကြိမ်)
၇	တည်ဆောက်ရေးကာလ	- ၁၂ လ
၈	ရောင်းချမည့်နည်းစနစ်	- ပြည်တွင်း ၁၀၀ %
၉	ထုတ်လုပ်မှုနှင့် ရောင်းချမှုဈေးနှုန်း (၆နှစ်မြောက်)	-

အမျိုးအစား	**ထုတ်လုပ်မှုအရေအတွက် (No.)**	**ရောင်းဈေးနှုန်း (ကျပ်/ No.)**
Umbrella (Own Production)	၈၈,၉၀၀	ကျပ် ၄,၈၃၂
Umbrella (နဝလီထုတ်လုပ်မှု)	၁,၆၁၀,၅၁၀	ကျပ် ၁၆၁

၁၀	ကုမ္ပဏီဝင်ငွေ(၆ နှစ်မြောက်)	- ကျပ် ၆၈၈.၈၅ သန်း
	ကုမ္ပဏီအသုံးစရိတ်(၆ နှစ်မြောက်)	- ကျပ် ၅၃၆.၈၅ သန်း
	ကုမ္ပဏီအသားတင်အမြတ် (၆ နှစ်မြောက်)	- ကျပ် ၁၅၂.၀၀ သန်း

၁၁	ဝန်ထမ်းအင်အားစုစုပေါင်း(ပထမနှစ်)	- **၄၃ ဦး**
	ပြည်တွင်း	- ၄၃ ဦး (ပြည်တွင်း အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာ ကျပ် ၁၀၈,၀၀၀ နှင့် အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာ ကျပ် ၂၅၀,၀၀၀)
၁၂	အရင်းကြေကာလ	- ၂၃ နှစ် ၃ လ
၁၃	အရင်းအနှီးပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း(IRR)	- ၂၁.၂၈ %
၁၄	နိုင်ငံတော်မှ ရရှိမည့်အကျိုးအမြတ် (၆ နှစ်မြောက်)	
	ဝင်ငွေခွန်	- ကျပ် ၆၂.၁၅ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- ကျပ် ၃၄.၄၄ သန်း
၁၅	နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်	- ၅၀၀ ကီလိုဝပ်နာရီ
၁၆	ငွေကြေးအထောက်အထား	- Myat Mi Ba Co., Ltd. သည် Myanmar Economic Bank တွင် ၃၀-၁၁-၂၀၁၅ ရက်စွဲဖြင့် ကျပ် ၈,၆၁၇,၁၉၆.၃၃ ရှိကြောင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ၁၂-၁၁-၂၀၁၅ ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၈,၇၂၇.၂၅ ရှိကြောင်းအထောက်အထားတင်ပြထားပါသည်။
၁၇	အခြား	- မြတ်မိဘကုမ္ပဏီလီမိတက်၏ ကုမ္ပဏီအထောက်အထားအဖြစ် ကုမ္ပဏီအမှတ်- ၁၃၀၀ / ၂၀၁၃-၂၀၁၄ (၁၇-၆-၂၀၁၃) ရက်စွဲဖြင့် မှတ်ပုံတင်ထားသည့် အထောက်အထား နှင့် ၁၆-၆-၂၀၁၈ ရက်နေ့အထိ သက်တမ်းရှိကြောင်း ကုမ္ပဏီမှတ်ပုံတင်ကတ်နှင့် Form 26၊ Form 6၊ မှတ်ပုံတင်မိတ္တူကို တင်ပြထားပါသည်။ - ကုမ္ပဏီ၏ အမြတ်ငွေထဲမှ CSR အတွက် ၂ % သုံးစွဲမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရက-၃/ မ-၁၃၂၈/၂၀၁၆(၃၇၆)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် မတ်လ ၉ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဖြင့် မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Co., Ltd.) မှ ထီးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Co., Ltd.) သည် မြေကွက်အမှတ်- ၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၁၊ [အမှတ် ၉ ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၁၁၁ ရှိ မြန်မာ့ထီးစက်ရုံခွဲ (လှိုင်)]၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂.၃၃၆ ဧက(၉,၄၅၃.၄၆ စတုရန်းမီတာ)ပေါ်ရှိ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း(ယခင်စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း)ပိုင်၊ အဆောက်အဦများနှင့် စက်ပစ္စည်းများအား ငှားရမ်း၍ ထီးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးဝင်းလွင် (အဘ-ဦးအောင်) မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ လုပ်ငန်းဆောင်ရွက်ခွင့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ် ၃/၂၀၁၄ (၆-၂-၂၀၁၄)အရ ငှားရမ်းမှုသက်တမ်း ကနဦး ၂၀ နှစ်နှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ် ခွင့်ပြုထားပါသည်။ ပြုပြင်မွမ်းမံမှုကာလမှာ ၁၂ လ ကြာမြင့်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။ ငှားရမ်းဆောင်ရွက်ရေး သဘောတူစာချုပ်အား ၁-၉-၂၀၁၁ မှစတင်ချုပ်ဆိုထားပြီး လက်ကျန်သက်တမ်း ၁၆ နှစ်ဖြစ်ပါသည်။ နှစ်စဉ်မြေနှင့်စက်ရုံ ငှားရမ်းခမှာ မြေဧရိယာ ၂.၃၃၆ ဧက (၉,၄၅၃.၄၆ စတုရန်းမီတာ)အတွက် ကျပ် ၄၉.၇၇၈ သန်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် တင်ပြထားပါသည်။

၃။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ စုစုပေါင်း ကျပ် ၂,၇၃၇.၀၀ သန်း ဖြစ်ပြီး အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

	ကျပ် (သန်း)
ငွေပမာဏ	၅၀၀.၀၀
အဆောက်အအုံပြုပြင်စရိတ်	၂,၁၄၇.၀၅
ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများတန်ဖိုး	၁၅.၃၃
ကုန်ကြမ်းပစ္စည်းတန်ဖိုး	၇၄.၆၂
စုစုပေါင်း	**၂,၇၃၇.၀၀**

၄။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပထမနှစ်တွင် ပြည်တွင်းဝန်ထမ်း(၄၃)ဦး ခန့်ထားမည်ဖြစ်ပြီး ၎င်းတို့မှာ ကုမ္ပဏီ၏ ဝန်ထမ်းများသာ ဖြစ်ပါသည်။ အနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၁၀၈,၀၀၀ နှင့် အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၂၅၀,၀၀၀ ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်းမှ ထွက်ရှိသော ထီးအမျိုးမျိုးကို ပြည်တွင်း၌ ၁၀၀ % ရောင်းချမည်ဖြစ်ပါသည်။ လုပ်ငန်းမှ ထွက်ရှိသောထီးများအား ကြက်ဆင်တံဆိပ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။ ကုမ္ပဏီသည် ကုန်ကြမ်းကို ပြည်တွင်းမှ ဝယ်ယူ၍ ဆောင်ရွက်မည်ဖြစ်ပြီး အခြားထီးရောင်းဝယ်ရေး ဆောင်ရွက်သည့် ကုမ္ပဏီများမှ ထီးများကိုလည်း လက်ခစားစနစ်(နဝလီစနစ်)ဖြင့် ချုပ်လုပ်မည်ဖြစ်ပါသည်။ ပုံမှန်နှစ် (၆ နှစ်မြောက်)တွင် ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အမျိုးအစား	**ထုတ်လုပ်မှု (No.)**	**ရောင်းဈေးနှုန်း (ကျပ်/ No.)**
Umbrella (Own Production)	၈၈,၉၀၀	ကျပ် ၄,၈၃၂
Umbrella (နဝလီထုတ်လုပ်မှု)	၁,၆၁၀,၅၁၀	ကျပ် ၁၆၀

၆။ လုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီမှ ၆ နှစ်မြောက်တွင် ရရှိမည့်ဝင်ငွေနှင့် အသုံးစရိတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်		**ကျပ် (သန်း)**
(က)	ဝင်ငွေ	၆၈၈.၈၅
(ခ)	အသုံးစရိတ်	၅၃၆.၈၅
(ဂ)	အသားတင်အမြတ်	၁၅၂.၀၀

၇။ နိုင်ငံတော်မှ ပုံမှန်နှစ် (၆ နှစ်မြောက်) တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၆၂.၁၅ သန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၃၄.၄၄ သန်း ရရှိမည်ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်း၏ အရင်းကြေကာလမှာ ၂၃ နှစ် ၃ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ ၂၁.၂၈ % ဖြစ်ပါသည်။

၈။ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့သို့ သဘောထားမှတ်ချက်များတောင်းခံခဲ့ရာ အောက်ပါအတိုင်း သဘောထားပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**မှ (၁၈-၂-၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၈/၂၀၁၆)

ဆုံးဖြတ်ချက်အပိုဒ်(၁၁၀)အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

နောက်ဆက်တွဲ(က)

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းဆောင်ရွက်ခွင့်ပြုရန်ကိစ္စနှင့် ပတ်သက်၍ အောက်ဖော်ပြပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားပါသည်-

(၁) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ အကျိုးပြုလုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) အတွက် အမြတ်ငွေ၏ (၂%) အား အသုံးပြုရန် အပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၂) လုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်ပျက်စီးမှု မရှိစေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှု အစီအစဉ် စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ကို ရေးဆွဲတင်ပြ၍ စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။ **ကုမ္ပဏီမှ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲတင်ပြမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။**

နောက်ဆက်တွဲ (ခ)

(ဂ) **စက်မှုဝန်ကြီးဌာန** မှ လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင်လျှောက်ထား ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစား ကိုက်ညီမှုရှိပါကြောင်း၊ ကုန်ကြမ်း

ဓါတုပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများအား Handling, Storage နှင့် Transportation စသည့် စနစ်အားလုံးသည် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားလာပါသည်။ **ကုမ္ပဏီမှ စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။**

နောက်ဆက်တွဲ(ဂ)

၉။ ငွေရေးကြေးရေး အထောက်အထားအဖြစ် Myat Mi Ba Co., Ltd. သည် Myanmar Economic Bank တွင် ၃၀-၁၁-၂၀၁၅ ရက်စွဲဖြင့် ကျပ် ၈,၆၃၇,၁၉၆.၃၃ ရှိကြောင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ၁၂-၁၁-၂၀၁၅ ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၈,၇၂၇.၂၅ ရှိကြောင်း တင်ပြထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာပိုင်ဆိုင်ပြီး ဒါရိုက်တာ ၄ ဦးဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဌာန်းထားသည့် စည်းကမ်းချက်များ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင် လေထု၊ ရေထုနှင့်မြေထုတို့ ညစ်ညမ်းမှုမဖြစ်ပွားစေရန်အတွက် လိုအပ်သောအစီအမံများ၊ မီးဘေးကြိုတင်ကာကွယ်မှုအတွက်စက်ရုံဝင်းအတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မီးဘေးလုံခြုံရေးအစီအစဉ်ကိုလည်း တင်ပြထားပါသည်။

၁၁။ လုပ်ငန်းဆောင်ရွက်ရာတွင် စက်ရုံပတ်ဝန်းကျင်တွင် နေထိုင်သူများနှင့် စက်ရုံနှင့်အလှမ်းဝေးသည့် နေရာတွင်နေထိုင်သည့် ဝန်ထမ်းများအား ခရီးစရိတ်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနမှ လွှဲယူပြီးနောက် ဝန်ထမ်းများ၏ အခြေခံလစာကို ၎င်းတို့ယခင်ရရှိခဲ့သော လစာထက်မနည်းပေးချေမည်ဖြစ်ပြီး ဆုကြေးကိုလည်း ထည့်သွင်းဖန်တီးပေးမည်ဖြစ်ကြောင်း၊ တည်ဆဲအလုပ်သမား ဥပဒေနှင့်အညီအလုပ်ချိန်အတွင်း နားချိန်အသီးသီးသတ်မှတ် ထားရှိပေးမည်ဖြစ်ကြောင်း၊ တနင်္ဂနွေနှင့် အခြားအစိုးရ ရုံးပိတ်ရက်များတွင် လုပ်ငန်းသဘာဝအရ အချိန်ပိုဆင်းရပါက ဥပဒေပါ ခံစားခွင့်ပေးပြီး ကျွေးမွေးခြင်းကိုလည်း လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ထမင်းစားဆောင်ကိုလည်း လုံလောက်စွာ ထားရှိထားမည်ဖြစ်ကြောင်း၊ သန့်စင်ခန်းလုံလောက်စွာ ထားရှိမည်ဖြစ်ကြောင်းတင်ပြထားပါသည်။

၁၂။ လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အား ရရှိပါက သုံးစွဲမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မရရှိသော အချိန်တွင် ကိုယ်ပိုင်မီးစက်ဖြင့် သုံးစွဲမည်ဖြစ်ကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

၁၃။ မြတ်မိဘကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံတော်ရှိ လူမှုအဖွဲ့အစည်းများ၏ လူမှုရေး လှုပ်ရှားဆောင်ရွက်မှုများအတွက် နှစ်စဉ်အမြတ်ငွေ၏ ၂ % အား CSR ရန်ပုံငွေအဖြစ် ထားရှိသုံးစွဲမည်ဖြစ်ကြောင်းတင်ပြထားပါသည်။

၁၄။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျင်းပသော ၅/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၁၅။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၁၊ ပုဒ်မ ၂၀ (က၊ ဂ၊ စ၊ ဆ၊ ဇ၊ ဈ၊ ည) တို့အရ အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို တင်ပြလျှောက်ထားလျှင် ခွင့်ပြုနိုင်မည်ဖြစ်ပါသည်။

စိစစ်တင်ပြချက်

၁၆။ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) **ငှားရမ်းဆောင်ရွက်ရေး သဘောတူစာချုပ်** အား မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် ကျော်သာကုမ္ပဏီလီမိတက်တို့မှ ၂၆-၈-၂၀၁၁ ရက်နေ့တွင်ချုပ်ဆိုခဲ့ပြီး အဆောက်အဦ ၂၀ လုံးပါရှိပါသည်။ ငှားရမ်းခအနေဖြင့် မြေ၊ စက်ရုံအဆောက်အဦနှင့် စက်ပစ္စည်းများ အပါအဝင် တစ်နှစ်လျှင် ကျပ် ၄၉.၇၇၈ သန်းဖြင့် ၁-၉-၂၀၁၁ ရက်နေ့မှစ၍ ၃၁-၈-၂၀၁၆ ရက်နေ့အထိ ၅ နှစ် ငှားရမ်းခဲ့ခြင်းဖြစ်ပါသည်။ လွှဲပြောင်းဝန်ထမ်းအင်အား ၅၉ ဦး ပါဝင်ပါသည်။

(ခ) **ငှားရမ်းဆောင်ရွက်သည့် သဘောတူစာချုပ်** အား မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် ကျော်သာကုမ္ပဏီလီမိတက်တို့မှ ၂၆-၈-၂၀၁၁ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး ၁-၉-၂၀၁၁ ရက်နေ့မှစ၍ ၃၁-၈-၂၀၂၂ ရက်နေ့အထိ ၁၀ နှစ် ငှားရမ်းခဲ့ခြင်းအတွက် စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ အစည်းအဝေးအမှတ်စဉ် ၇/၂၀၁၁-၂၀၁၂(၁၆-၁၂-၂၀၁၁)အရ ထပ်မံ ချုပ်ဆိုခြင်းဖြစ်ပါသည်။

(ဂ) **ငှားရမ်းဆောင်ရွက်သည့် သဘောတူစာချုပ်အပေါ် သက်တမ်းတိုးမြှင့်လုပ်ကိုင်သည့် ပြင်ဆင်ချက်သဘောတူစာချုပ်** အား စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် မြတ်မိဘ ကုမ္ပဏီလီမိတက်တို့မှ ၁၆-၇-၂၀၁၄ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။ သက်တမ်းတိုးမြှင့်ခြင်းနှင့်ပတ်သက်၍ အစိုးရအဖွဲ့မှ ခွင့်ပြုသော မူလငှားရမ်းသက်တမ်း ၅ နှစ် အပါအဝင် ၁-၉-၂၀၁၁ မှ ၃၁-၈-၂၀၃၁ အထိ ၂၀ နှစ် နှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ်ဖြင့် ငှားရမ်းခြင်း ၊ မူလစာချုပ်၏ သက်တမ်းကို ကျော်သာကုမ္ပဏီလီမိတက် အား မြတ်မိဘ ကုမ္ပဏီလီမိတက်အဖြစ် ပြောင်းလဲ သုံးစွဲခွင့်ပြုခြင်းတို့ ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၃/၂၀၁၄ (၆-၂-၂၀၁၄)မှ ခွင့်ပြုထားပါသည်။ ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းအင်အား ၃၁ ဦး ပါဝင်ပါသည်။

(ဃ) **ငှားရမ်းဆောင်ရွက်သည့် သဘောတူစာချုပ်အပေါ် သက်တမ်းတိုးမြှင့်သည့် ဒုတိယအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်** အား အထည်အလိပ်လုပ်ငန်းနှင့် စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းတို့ကို ပူးပေါင်း၍ အမှတ် ၃ အကြီးစားစက်မှုလုပ်ငန်း အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း၊ မူလစာချုပ်၏ သက်တမ်းအား ၁-၉-၂၀၁၁ မှ ၃၁-၈-၂၀၆၁ အထိ ၅၀ နှစ် နှင့် သက်တမ်းတိုးမြှင့် ငှားရမ်းလိုပါက တစ်ကြိမ်လျှင် ၁၀ နှစ်ဖြင့် ၂ ကြိမ် သက်တမ်းတိုးမြှင့် ငှားရမ်းလိုခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဒုတိယအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်အား လက်မှတ်ထိုးထားခြင်း မရှိသေးပါ။

(င) ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၃/၂၀၁၄ (၆-၂-၂၀၁၄) မှ မူလငှားရမ်းသက်တမ်း ၅ နှစ်အပါအဝင် ၂၀ နှစ် နှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ် ခွင့်ပြုခဲ့ခြင်းကို ကော်မရှင်မှ ခွင့်ပြုပါက လုပ်ငန်းသက်တမ်းမှာ ၁-၉-၂၀၁၁ မှ ၃၁-၈-၂၀၃၁ အထိ ကနဦး(၂၀) နှစ်ဖြစ်ပါသည်။ ကနဦး နှစ် ၂၀ သက်တမ်းကုန်ဆုံးခါနီးတွင် အဆိုပြုတင်ပြသည့် ၅၀ နှစ်အတွက် ထပ်မံသက်တမ်းတိုးခွင့်အား စက်မှုဝန်ကြီးဌာနမှ တင်ပြနိုင်ကြောင်းစိစစ်ရပါသည်။

(စ) မြတ်မိဘ ကုမ္ပဏီလီမိတက်သည် ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်နှင့် ၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် ပေးဆောင်ပြီးဖြစ်ကြောင်း အထောက်အထားများ တင်ပြထားပါသည်။

(ဆ) မြတ်မိဘကုမ္ပဏီလီမိတက်မှ စက်ရုံအား (၁၄၀ ပေ x ၆၅ ပေ) ၅ ထပ် အဆောက်အဦအဖြစ် ခွင့်ပြုချက်ရယူမွမ်းမံခြင်း၊ အကြီးစားပြင်ဆင်ခြင်း၊ အစားထိုး ဆောင်ရွက်ခြင်း၊ ထပ်တိုးပစ္စည်းများကို လိုအပ်သလို ဖြည့်တင်းမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်မည့်အဆောက်အဦတွင် မြတ်မိဘကုမ္ပဏီလီမိတက်အုပ်စု၏ မြတ်မိဘကုမ္ပဏီ network အတွက် ရုံးခန်းတွဲများ၊ ပြခန်းများနှင့် ဆပ်ပြာ၊ ထီး အိမ်သုံးဆေးအမျိုးမျိုးတို့၏ လက်လီလက်ကားဆိုင်ရာ လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်သည့်အနေဖြင့် အဆောက်အဦသစ်များ ထပ်မံတည်ဆောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြထားခြင်းအပေါ် ကုမ္ပဏီမှ စက်မှုဝန်ကြီးဌာနသို့ အဆောက်အဦများ ဖျက်သိမ်းခွင့်နှင့် အစားထိုးတည်ဆောက်ခွင့်ပြုရန် တင်ပြသည့်စာ၊ စက်မှုဝန်ကြီးဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ အဆောက်အဦဟောင်း ၉ လုံးနှင့် သက်သာဆိုင်ခန်းများအား ဖျက်သိမ်းခွင့်ပြုပါရန် ပေးပို့သည့်စာများ တင်ပြထားပါသည်။

ဆုံးဖြတ်ရန်အချက်

၁၇။ မြတ်မိဘာကုမ္ပဏီလီမိတက်မှ မြေကွက်အမှတ်- ၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၁၊ [အမှတ် ၉ ရပ်ကွက်၊ ရန်ကုန်- အင်းစိန်လမ်း၊ အမှတ် ၁၁၁ ရှိ မြန်မာ့ထီးစက်ရုံခွဲ (လှိုင်)]၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂.၃၃၆ ဧက(၉,၄၅၃.၄၆ စတုရန်းမီတာ)ပေါ်ရှိ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းပိုင်၊ အဆောက်အဦများနှင့် စက်ပစ္စည်းများအား ငှားရမ်း၍ ထီးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ

စာအမှတ် ၈၂၄ ရက်စွဲ ၂၃.၂.၁၆
တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး

M-351

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၄၃) / စိုက်မွေး
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်ကောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃. ၂. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက - ၄/ မ-၁၃၂၈/၂၀၁၆(၁၉၄)

၁။ မြတ်မိဘကုမ္ပဏီလီမိတက်(Myat Mi Ba Co., Ltd.)သည် မြေကွက်အမှတ်-၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ [အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်-၁၁၁ ရှိ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)]၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂. ၃၃၆ ဧက (၉,၄၅၃. ၄၆ စတုရန်းမီတာ)ပေါ်ရှိ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းပိုင်၊ အဆောက်အဦများနှင့် စက်ပစ္စည်းများအားငှားရမ်း၍ ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား(၄၃)ဦးမှ (၁၀၀)ဦးခန့် အလုပ်အကိုင် ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အကူဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် မြေကွက်အမှတ်-၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ [အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်-၁၁၁ ရှိ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)]၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂. ၃၃၆ ဧက (၉,၄၅၃. ၄၆ စတုရန်းမီတာ)အား တစ်နှစ်လျှင်(၄၉. ၇၇၈)သန်းကျပ်၊ (1sqft=489.38 ကျပ်, 1 sqm =5265.83 ကျပ်)နှုန်းဖြင့် ကနဦးနှစ်(၅၀)နှင့် (၁၀)နှစ်(၂)ကြိမ် သက်တမ်းတိုး ငှားရမ်း ဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါသည်။

2016/Cainet/8.,(11)

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

၂။ အထက်ဖော်ပြပါအချက်များကြောင့်(၁၈. ၂. ၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၆)၊ ဆုံးဖြတ်ချက်အပိုဒ်(၁၁၀)အရ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Co., Ltd.)၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်အနောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြတ်မိဘကုမ္ပဏီလီမိတက်(Myat Mi Ba Co., Ltd.)
လက်ခံစာတွဲ
မျှောစာတွဲ

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊၀၀၁/MIC(OSS)/ECD/၀၁(၅၅၊၁၆)
ရက် စွဲ၊၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်

သို့

M-390
29/12

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **မြတ်မိဘကုမ္ပဏီလီမိတက်မှ ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချ ခြင်းလုပ်ငန်းကိုဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂-၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၃/ မ-၁၃၂၈/ ၂၀၁၆(၁၉၁)

၁။ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Co.,Ltd)သည် မြေကွက်အမှတ်၊ ၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၁ [အမှတ်-၉ ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်-၁၁၁ရှိ မြန်မာထီးစက်ရုံခွဲ(လှိုင်)] လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂.၃၃၆ဧက (၉၄၅၃.၄၆ စတုရန်းမီတာ)ပေါ်ရှိ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းပိုင် အဆောက်အဦများနှင့်ဆက်စပ်ပစ္စည်းများအားငှားရမ်း၍ ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင်ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ်(၅၀)နှင့်(၁၀)နှစ်သက်တမ်းတိုး(၂)ကြိမ်ဖြစ်ကြောင်း တည်ဆောက်ရေးကာလမှာ(၁၂)လဖြစ်ကြောင်း၊ ထုတ်လုပ်မှုပမာဏမှာ(၁၀)နှစ်အတွင်း စက်ရုံမှကိုယ်ပိုင် ၈၈၉၀၀ လက်နှင့်နဝလီ(လက်ခစား)စနစ်ဖြင့် ၁၆၁၀၅၁၀ လက်ကိုထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ လုပ်သားများသက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးကာကွယ်ရေးအစီအစဉ်များကိုလည်းထားရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့်အသားတင်အမြတ်ငွေ၏(၂%)ကိုလူမှုရေး အကျိုးပြုလုပ်ငန်းများတာဝန်ယူဆောင်ရွက်မှု(Corporate Social Responsibility- CSR) လုပ်ငန်းများတွင်

ထည့်သွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် အမှိုက်ပုံးများထားရှိခြင်း၊ ရေနုတ်မြောင်းများအားရေစီးရေလာကောင်းအောင် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၃။ မြတ်မိဘကုမ္ပဏီလီမိတက်မှ ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အထည် Fabrics စသည့် ကုန်ကြမ်းပိတ်စ/ ပစ္စည်းများနှင့်ထီးလက်ကိုင်အဖြစ်အသုံးပြုမည့်ကော်များသည် ဆွေးမြေ့ပျက်စီးရန်အချိန်ကြာမြင့်သဖြင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုဖြစ်ပေါ်နိုင်ခြင်း လုပ်ငန်းစဉ်အဆင့်တိုင်းတွင်ထွက်ရှိလာမည့် ပိတ်ဖြတ်စများ၊ အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင်လေထုနှင့်မြေထုညစ်ညမ်းမှုများဖြစ်ပေါ်နိုင်ခြင်း၊ ပိတ်စဖြတ်ခြင်း၊ ပုံစံညှပ်ခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းအဆင့်ဆင့်တွင် စက်များကိုအသုံးပြု၍ဆောင်ရွက်ရမည် ဖြစ်သဖြင့် အသံဆူညံခြင်း စသောပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု ပြဿနာများဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြတ်မိဘကုမ္ပဏီလီမိတက်မှ ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကိုဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility- CSR)အတွက် အမြတ်ငွေ၏(၂%)အားအသုံးပြုရန် အပါအဝင်ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) လုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်ပျက်စီးမှုမရှိစေရေး(သို့မဟုတ်)ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်

ဆေးမည့်အစီအစဉ် ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည့်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Manangement Plan - EMP) ကိုရေးဆွဲတင်ပြ၍ စီမံချက်ပါအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၁-စမ(၂) ၂၀၁၅-၂၀၁၆ (၄၂၂၈)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

NPT. 668 24.2.16

M. 367 25/2

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃.၂.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရက-၃/ မ-၁၃၂၈/ ၂၀၁၆ (၁၉၅)

၁။ မြတ်မိဘကုမ္ပဏီလီမိတက်မှ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ [အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၁၁၁)ရှိ မြန်မာ့ထီးစက်ရုံခွဲ (လှိုင်)]၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်- ၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁ တွင် ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစား ကိုက်ညီမှု ရှိပါသည်။

(စ) ကုန်ကြမ်းဓါတုပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများအား Handling, Storage နှင့် Transportation စသည့် စနစ်အားလုံးသည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ မြတ်မိဘကုမ္ပဏီလီမိတက်မှ ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အထက်ပါ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါကဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၂၃.၂.၁၆

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးဦးစီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

မြတ်မိဘ ကုမ္ပဏီလီမိတက်

(MYAT MI BA CO.,LTD)

က

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

မြန်မာ့ထီးစက်ရုံ (လှိုင်စက်ရုံခွဲ)

ကို

ကနဦးနှစ် (၅၀)နှင့် သက်တမ်းတိုး (၁၀)နှစ် (၂)ကြိမ်

ငှားရမ်း၍ထုတ်လုပ်မှု

ဆောင်ရွက်ရန်

အဆိုပြုတင်ပြချက်

မြတ်မိဘ ကုမ္ပဏီလီမိတက်
Myat Miba Co.,Ltd.

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

စာအမှတ်၊MMB/ ၁၂၄ /၂၀၁၅-၂၀၁၆
ရက်စွဲ၊၂၀၁၆ခုနှစ်၊မတ်လ(၁)ရက်

အကြောင်းအရာ။ ။စက်မှုဝန်ကြီးဌာန၏သဘောထားမှတ်ချက်နှင့်အညီလိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြခြင်း

ရည်ညွှန်းချက် ။ ။(၁)မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၃-၂-၂၀၁၆ရက်စွဲပါစာအမှတ်၊ရကာ-၃/မ- ၁၃၂၈/ ၂၀၁၆(၁၉၅)
(၂)စက်မှုဝန်ကြီးဌာန၏ ၂၃-၂-၂၀၁၆ရက်စွဲပါစာအမှတ်၊၂၁-စမ(၂)၂၀၁၅-၂၀၁၆(၄၂၂၈)

မြတ်မိဘကုမ္ပဏီလီမိတက်မှ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ [အမှတ်(၉) ရပ်ကွက် ၊ ရန်ကုန်အင်းစိန်လမ်း၊ အမှတ်(၁၁၁)ရှိ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)] မြေတိုင်းရပ်ကွက် အမှတ်(၃၁)မြေကွက်အမှတ် ၁၀/က၊ ၁၁/က၊ ၁၂၊၁၃၊၁၇/က-၁၊ ၂၂/ခ-၁ တွင်ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြု ပါရန်တင်ပြခြင်း အတွက်ရည်ညွှန်းချက်(၂)ပါစက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီလိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဝင်းလွင်
အုပ်ချုပ်မှုဒါရိုက်တာ

0992

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၁-စမ(၂) ၂၀၁၅-၂၀၁၆ (၄၂၂၈)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃.၂.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရက-၃/ မ-၁၃၂၈/ ၂၀၁၆ (၁၉၅)

၁။ မြတ်မိဘကုမ္ပဏီလီမိတက်မှ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ [အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၁၁၁)ရှိ မြန်မာ့ထီးစက်ရုံခွဲ (လှိုင်)]၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)။ မြေကွက်အမှတ်- ၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁ တွင် ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစား ကိုက်ညီမှု ရှိပါသည်။

(စ) ကုန်ကြမ်းဓါတုပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများအား Handling, Storage နှင့် Transportation စသည့် စနစ်အားလုံးသည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ မြတ်မိဘာကုမ္ပဏီလီမိတက်မှ ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အထက်ပါ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၂၃.၂.၁၆

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးဦးစီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၄၃) / စိုက်မွေး
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃. ၂. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက - ၄/ မ-၁၃၂၈/၂၀၁၆(၁၉၄)

၁။ မြတ်မိဘကုမ္ပဏီလီမိတက်(Myat Mi Ba Co., Ltd.)သည် မြေကွက်အမှတ်-၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ [အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်-၁၁၁ ရှိ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)]၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂. ၃၃၆ ဧက (၉,၄၅၃. ၄၆ စတုရန်းမီတာ)ပေါ်ရှိ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းပိုင်၊ အဆောက်အဦများနှင့် စက်ပစ္စည်းများအားငှားရမ်း၍ ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား(၄၃)ဦးမှ (၁၀၀)ဦးခန့် အလုပ်အကိုင် ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အကူဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် မြေကွက်အမှတ်-၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ [အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်-၁၁၁ ရှိ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)]၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂. ၃၃၆ ဧက (၉,၄၅၃. ၄၆ စတုရန်းမီတာ)အား တစ်နှစ်လျှင်(၄၉. ၇၇၈)သန်းကျပ်၊ (1sqft=489.38 ကျပ်, 1 sqm =5265.83 ကျပ်)နှုန်းဖြင့် ကနဦးနှစ်(၅၀)နှင့် (၁၀)နှစ်(၂)ကြိမ် သက်တမ်းတိုး ငှားရမ်း ဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါသည်။

D/2016/Cainet/8.,(11)

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

၂။ အထက်ဖော်ပြပါအချက်များကြောင့်(၁၈. ၂. ၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၆)၊ ဆုံးဖြတ်ချက်အပိုဒ်(၁၁၀)အရ မြတ်မိဘကုမ္ပဏီလီမိတက် (Myat Mi Ba Co., Ltd.)၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ရန်ကုန်အနောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

လှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြတ်မိဘကုမ္ပဏီလီမိတက်(Myat Mi Ba Co., Ltd.)

လက်ခံစာတွဲ

မျှောစာတွဲ

D/2016/Cainet/8.,(12)

မြတ်မိဘ ကုမ္ပဏီလီမိတက်
Myat Miba Co.,Ltd.

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

စာအမှတ်။ ။ MMB / ၁၀၇ / 2016
ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊မတ်လ၊ ၁ ရက်။

အကြောင်းအရာ။ ။ ထီးများကို " ကြက်ဆင်" အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်မည်ဖြစ်ပါကြောင်းတင်ပြခြင်း။

မြတ်မိဘကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ မြန်မာ့ထီးစက်ရုံ (လှိုင်စက်ရုံခွဲ)ကို ကနဦးနှစ် (၅၀)နှင့် သက်တမ်းတိုး (၁၀)နှစ် (၂)ကြိမ် နှစ်ရှည်ငှားရမ်း၍ ထုတ်လုပ်မှုဆောင်ရွက်ရန် အဆိုပြုတင်ပြခဲ့ရာတွင် ထုတ်လုပ်ဖြန့်ဖြူးမည် ထီးများကို "ကြက်ဆင်" အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်မည်ဖြစ်ပါကြောင်းအစီရင်ခံတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဂင်းလွင်
အုပ်ချုပ်မှုဒါရိုက်တာ

0910

မြတ်မိဘ ကုမ္ပဏီလီမိတက်

Myat Miba Co.,Ltd.

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

စာအမှတ်။ ။ MMB / ၁၈၈ / 2016

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊မတ်လ၊ ၁ ရက်။

အကြောင်းအရာ။ ။ <u>အခွန်ပေးဆောင်မှုအခြေအနေတင်ပြခြင်း။</u>

၁။ ။ မြန်မာ့ထီးစက်ရုံ (လှိုင်စက်ရုံခွဲ)ကို ၂၀၁၁ ခုနှစ် ဩဂုတ်လ (၂၆)ရက်နေ့ စတင်ငှားရမ်းစဉ်က "ကျော်သာကုမ္ပဏီလီမိတက်" အစား "မြတ်မိဘကုမ္ပဏီလီမိတက်" အဖြစ် ၁၆.၇.၂၀၁၄ နေ့တွင် ပြင်ဆင်ငှားရမ်းခွင့် ပြုခဲ့ပါသည်။

၂။ ။ သို့ဖြစ်ပါ၍ ယခုအဆိုပြုတင်ပြခြင်းအတွက် ဂင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် တို့ပေးချေခဲ့သည့် အောက်ဖော်ပြပါ ငွေပေးသွင်း ဖြတ်ပိုင်းတို့ကို အထောက်အထား အဖြစ်ပူးတွဲ တင်ပြအစီရင်ခံ အပ်ပါသည်။

(က) " ကျော်သာကုမ္ပဏီလီမိတက်" အမည်ဖြင့် ငွေပေးသွင်းဖြတ်ပိုင်း (၆) စောင်။

(ခ) " မြတ်မိဘကုမ္ပဏီလီမိတက်" အမည်ဖြင့် ငွေပေးသွင်းဖြတ်ပိုင်း (၂) စောင်။

လေးစားစွာဖြင့်

ဂင်းလွင်

အုပ်ချုပ်မှုဒါရိုက်တာ

0725

မြတ်မိဘ ကုမ္ပဏီလီမိတက်
Myat Miba Co.,Ltd.

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ ။ ဝန်ထမ်းအင်အားစာရင်းပြောင်းလဲမှု အခြေအနေအစီရင်ခံတင်ပြခြင်းကိစ္စ။

၁။ ။ မြတ်မိဘကုမ္ပဏီလီမိတက်သည် စက်မှုဝန်ကြီးဌာနမှ မြန်မာ့ထီးစက်ရုံ (လှိုင်စက်ရုံခွဲ) ကို ၂၀၁၁ခုနှစ် ဩဂုတ်လ (၂၆) ရက်နေ့က စတင်ငှားရမ်းစဉ်စာချုပ်တွင် လည်းကောင်း၊ ၁၆.၇.၂၀၁၄ ရက်နေ့တွင် သက်တမ်းတိုးမြှင့်လုပ်ကိုင်သည့် ပြင်ဆင်ချက် သဘောတူစာချုပ်တွင် လည်းကောင်း၊ ကနဦးနှစ် (၅၀) နှင့် သက်တမ်းတိုး (၁၀)နှစ် (၂)ကြိမ်ငှားရမ်း၍ ထုတ်လုပ်မှုအဆိုပြုရာတွင် လည်းကောင်း အောက်ပါအတိုင်း ဝန်ထမ်းအရေအတွက်ကို ဖော်ပြခဲ့ပါသည်။-

(က)	၂၀၁၁ ခုနှစ် ဩဂုတ်လ (၂၆)ရက်နေ့ စာချုပ်အရ	-	၅၉ ဦး
(ခ)	၂၀၁၄ ခုနှစ် ဇူလိုင်လ (၁၆)ရက်နေ့ စာချုပ်အရ	-	၃၁ ဦး
(ဂ)	ယခုတင်ပြချက်အရ လုပ်သားလိုအပ်ချက်	-	၄၃ ဦး

၂။ ။ အပိုဒ် ၁(က)အရ (၅၉)ဦး ဖြစ်ရခြင်းမှာ စတင်ငှားရမ်းစဉ်က နိုင်ငံတော်မှ လွှဲအပ်ချိန်တွင်ပါရှိသည့် နိုင်ငံ့ဝန်ထမ်းအရေအတွက်ဖြစ်ပါသည်။

အပိုဒ် ၁(ခ)အရ (၃၁)ဦး ဖြစ်ရခြင်းမှာ လွှဲပြောင်းစအချိန်ကပါရှိသည့် ဝန်ထမ်းများအနက် အချို့သက်ပြည့်အငြိမ်းယူခြင်း၊ အချို့မိခင်ဌာနသို့ပြောင်းရွှေ့ခြင်းများကြောင့် ဝန်ထမ်း (၂၈)ဦး လျော့နည်းရခြင်းဖြစ်ပါသည်။

အပိုဒ် ၁(ဂ)အရ အဆိုပြုတင်ပြသည့် (၄၃)ဦးမှာ စက်မှုဝန်ကြီးဌာနမှ မြန်မာ့ထီးစက်ရုံ၏ ဖွဲ့စည်းပုံကို ဖျက်သိမ်းခဲ့သဖြင့် ကုမ္ပဏီဝန်ထမ်းအဖြစ် ခန့်ထားသည့် ဝန်ထမ်းများဖြစ်ပါကြောင်း လမ်းညွှန်မှု ပြုနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဝင်းလွင်
အုပ်ချုပ်မှုဒါရိုက်တာ

0916

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

အခွန်ပေးဆောင်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

ပတခ(ဝင)၁၉။

(ငွေပေးသွင်းသူသို့ ပြန်ပေးရန်ဖြတ်ပိုင်း)

ဒေါ်စန်းစန်းဝင်း

အခွန်ထမ်းလုပ်ငန်း မှတ်ပုံတင်အမှတ် ၂၂၃၂၁၀/MCO/၂၀၁၄-၂၀၁၅

အခွန်ထမ်းအမည်နှင့်လိပ်စာ Myat Mi Ba Co.,Ltd

အမှတ်(၁၁၁)၊ရန်ကုန်-အင်းစိန် လမ်းမကြီး၊(၉)ရပ်ကွက်၊ လှိုင်မြို့နယ်

၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်

ကျပ် ၃၃၆၅၉၃၈ နှင့်ဒဏ်ငွေကျပ် ၃၃၆၅၉၄

စုစုပေါင်း(ဂဏန်းဖြင့်) ၃၇၀၂၅၃၂

(စာဖြင့်)ကျပ် သုံးသန်းခုနှစ်သိန်းနှစ်ထောင့်ငါးရာသုံးဆယ့်နှစ် ကျပ်

ပေးသွင်းသဖြင့် လက်ခံရရှိပါသည်။

ရက်စွဲ၊ 26/May/2015

ဘဏ်မန်နေဂျာ

ဘဏ်တံဆိပ်	အခွန်ဆောင်ထားနိုင်ငံသား လေးစားသမှုတို့ဂုဏ်ပြု

ပတခ(ကသခ) - ၁၉။

စည်းကြပ်မှုအရ ငွေသွင်းချလန်

(ငွေပေးသွင်းသူသို့ ပြန်ပေးရန်ဖြတ်ပိုင်း)

အခွန်ပေးဆောင်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

ဒေါ်စန်းစန်းဝင်း

အခွန်ထမ်းလုပ်ငန်း မှတ်ပုံတင်အမှတ် ကသ/၂၅၀၂၆/၂၀၁၄-၂၀၁၅

အခွန်ထမ်းအမည်နှင့်လိပ်စာ Myat Mi Ba Co.,Ltd

အမှတ်(၁၁၁)၊ရန်ကုန်-အင်းစိန် လမ်းမကြီး၊(၉)ရပ်ကွက်၊ လှိုင်မြို့နယ်

၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်

ကျပ် ၄၆၀၂၈၉၁ နှင့်ဒဏ်ငွေကျပ် ၄၆၀၂၉၀

စုစုပေါင်းအခွန် ၅၀၆၃၁၈၁

ကျပ် ငါးသန်းခြောက်သောင်းသုံးထောင့်တစ်ရာ့ရှစ်ဆယ့်တစ် ကျပ်

ပေးသွင်းသဖြင့် လက်ခံရရှိပါသည်။

ရက်စွဲ၊ 26/May/2015

ဘဏ်မန်နေဂျာ

-5063181

ဘဏ်တံဆိပ်	အခွန်ဆောင်ထားနိုင်ငံသား လေးစားသမှုတို့ဂုဏ်ပြု

၁၃၄၇.

ကျော်သာကုမ္ပဏီလီမိတက်
Kyaw Tha
Company Limited.

သို့

ဥက္ကဋ္ဌ
ကုမ္ပဏီများဆိုင်ရာအခွန်ရုံး
ပြည်တွင်းအခွန်များဦးစီးဌာန

စာအမှတ်၊ကေတီ/၁၀၂ /၂၀၁၅
ရက်စွဲ၊၂၀၁၅ခုနှစ်၊အောက်တိုဘာလ ၂၀ ရက်

အကြောင်းအရာ။ ။(၂၀၁၃-၂၀၁၄)စည်းကြပ်နှစ်နှင့် (၂၀၁၄-၂၀၁၅)စည်းကြပ်နှစ်တို့အတွက် အခွန်စည်းကြပ်မှုအပေါ်အရစ်ကျပေးဆောင်ခွင့်ပြုပါရန်လျှောက်ထားခြင်း။

၁။ ကျွန်တော်များကျော်သာကုမ္ပဏီလီမိတက်၏(၂၀၁၃-၂၀၁၄)စည်းကြပ်နှစ်နှင့်(၂၀၁၄-၂၀၁၅) စည်းကြပ်နှစ်တို့အတွက် အခွန်စည်းကြပ်ပြီးဖြစ်၍ ကြိုတင်ခွန်များခုနှိမ်ပြီး ကျသင့်အခွန်များကိုပေးဆောင်နိုင်ရန် ချလံများအား(၁၆.၉.၂၀၁၅)ရက်နေ့တွင်လက်ခံရရှိခဲ့ပါသည်။

၂။ အဆိုပါစည်းကြပ်နှစ်(၂)နှစ်စာအတွက်ပေးသွင်းရမည့် အခွန်ကျသင့်ငွေစုစုပေါင်း မှာငွေကျပ် ၂၇၇,၄၂၉,၆၅၃/-ဖြစ်ပြီး၊ ကျသင့်အခွန်များအနက်မှ ငွေကျပ် ၁၂,၆၉၇,၇၉၀/-အား(၆.၁၀.၂၀၁၅)ရက်နေ့ အခွန်ပေးဆောင်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ကျွန်တော်များကုမ္ပဏီအနေဖြင့်ငွေကြေးအခက်အခဲများရှိနေပါသဖြင့်ပေးဆောင်ရန်ကျန်ရှိသော အခွန်ငွေကျပ် ၂၆၄,၇၃၁,၈၆၂/-အား အောက်ဖော်ပြပါအစီအစဉ်အတိုင်း အရစ်ကျခွဲ၍ပေးဆောင်ခွင့်ပြုပါရန် လေးစားစွာတင်ပြလျှောက်ထားအပ်ပါသည်။

စဉ်	စည်းကြပ်နှစ်	ကျသင့်အခွန်	ပေးသွင်းမည့်အစီအစဉ်	ပေးသွင်းမည့်ရက်
၁	၂၀၁၃-၂၀၁၄	၂၈,၅၂၇,၃၁၃ကျပ်(ဝင်ငွေခွန်)	၂၈,၅၂၇,၃၁၃ ကျပ်	(၃၁.၁၀.၂၀၁၅)
၂	၂၀၁၃-၂၀၁၄	၅၆,၁၆၄,၂၁၉ကျပ်(ကုန်သွယ်ခွန်)	(ပ)ရစ် ၂၆,၁၆၄,၂၁၉ ကျပ် (ဒု)ရစ် ၃၀,၀၀၀,၀၀၀ ကျပ်	(၂၀.၁၁.၂၀၁၅) (၃၀.၁၁.၂၀၁၅)
၃	၂၀၁၄-၂၀၁၅	၄၇,၆၄၈,၂၉၄ကျပ်(ဝင်ငွေခွန်)	(ပ)ရစ် ၂၅,၀၀၀,၀၀၀ ကျပ် (ဒု)ရစ် ၂၂,၆၄၈,၂၉၄ ကျပ်	(၁၈.၁၂.၂၀၁၅) (၃၁.၁၂.၂၀၁၅)
၄	၂၀၁၄-၂၀၁၅	၁၃၂,၃၉၂,၀၃၆ကျပ်(ကုန်သွယ်ခွန်)	(ပ)ရစ် ၅၀,၀၀၀,၀၀၀ ကျပ် (ဒု)ရစ် ၅၀,၀၀၀,၀၀၀ ကျပ် (တ)ရစ် ၃၂,၃၉၂,၀၃၆ ကျပ်	(၃၁.၁.၂၀၁၆) (၂၈.၂.၂၀၁၆) (၃၁.၃.၂၀၁၆)

လေးစားစွာဖြင့်

KYAW THA CO., LTD.

AYE CHO THAN (Director)

No. 04218

NO. 98, 50th STREET, PAZUNDAUNG TOWNSHIP, YANGON, UNION OF MYANMAR. TEL : 296733/297112
TLX : 21201/21236 (BM) 2083 WL, FAX : (951) 296914/299935
E-mail : kyawtha@cybertech.net.mm

ပတခ(ကသခ) - ၁၉။

စည်းကြပ်မှုအရ ငွေသွင်းချလန်

(ငွေပေးသွင်းသူသို့ ပြန်ပေးရန်ဖြတ်ပိုင်း)

အခွန်ပေးဆောင်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

ဒေါ်စန်းစန်းဝင်း

အခွန်ထမ်းလုပ်ငန်းမှတ်ပုံတင်အမှတ် ထလ(ပုဂ္ဂလိကပိုင်)/၃၄၈၀/၂၀၁၄-၂၀၁၅

အခွန်ထမ်းအမည်နှင့်လိပ်စာ Kyaw Tha Co., Ltd

အမှတ်-၉၈၊ လမ်း-၅၀၊ပုဇွန်တောင်မြို့နယ်

၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်

ကျပ် ၃၇၉၆၄၃၆၀ နှင့်ဒဏ်ငွေကျပ် ၁၂၀၃၅၆၄၀

စုစုပေါင်းအခွန် ၅၀၀၀၀၀၀၀

ကျပ် ငါးဆယ်သန်း ကျပ်

ပေးသွင်းသဖြင့် လက်ခံရရှိပါသည်။

ရက်စွဲ၊ 31/Dec/2015

ဘဏ်မန်နေဂျာ

ဘဏ်တံဆိပ်	အခွန်ဆောင်ထားနိုင်ငံသား လေးစားသမှုတို့ဂုဏ်ပြု

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ
ဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်
ရမည့်အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

အခွန်ပေးဆောင်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။ MD-010015

ပတခ(ဝင)၁၉။

Y68 (ငွေပေးသွင်းသူသို့ ပြန်ပေးရန်ဖြတ်ပိုင်း)

ဒေါ်စန်းစန်းဝင်း

အခွန်ထမ်းလုပ်ငန်း မှတ်ပုံတင်အမှတ် ၁၄၇၀/MCO/၂၀၁၄-၂၀၁၅

အခွန်ထမ်းအမည်နှင့်လိပ်စာ Kyaw Tha Co., Ltd

အမှတ်-၉၈၊ လမ်း-၅၀၊ပုဇွန်တောင်မြို့နယ်

၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်

ကျပ် ၂၂၆၄၈၂၉၄ နှင့်ဒဏ်ငွေကျပ် ၀

စုစုပေါင်း(ဂဏန်းဖြင့်) ၂၂၆၄၈၂၉၄

(စာဖြင့်)ကျပ် နှစ်ဆယ့်နှစ်သန်းခြောက်သိန်းလေးသောင်းရှစ်ထောင့်နှစ်ရာ့ကိုးဆယ့်လေး ကျပ်

ပေးသွင်းသဖြင့် လက်ခံရရှိပါသည်။

ရက်စွဲ၊ 17/Dec/2015

ဘဏ်မန်နေဂျာ

အခွန်ဆောင်ထားနိုင်ငံသား
လေးစားသမှုတို့ဂုဏ်ပြု

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ
အခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ
ပေးဆောင်ရမည့်
အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

အခွန်ပေးဆောင်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

ပတခ(ဝင)၁၉။

(ငွေပေးသွင်းသူသို့ ပြန်ပေးရန်ဖြတ်ပိုင်း)

ဒေါ်စန်းစန်းဝင်း

အခွန်ထမ်းလုပ်ငန်း မှတ်ပုံတင်အမှတ် ၁၄၇၀/MCO/၂၀၁၄-၂၀၁၅

အခွန်ထမ်းအမည်နှင့်လိပ်စာ Kyaw Tha Co., Ltd

အမှတ်-၉၈၊ လမ်း-၅၀၊ပုဇွန်တောင်မြို့နယ်

၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်

ကျပ် ၂၀၆၆၈၃၃၇ နှင့်ဒဏ်ငွေကျပ် ၄၃၃၁၆၆၃

စုစုပေါင်း(ဂဏန်းဖြင့်) ၂၅၀၀၀၀၀၀

(စာဖြင့်)ကျပ် နှစ်ဆယ့်ငါးသန်း ကျပ်

ပေးသွင်းသဖြင့် လက်ခံရရှိပါသည်။

ရက်စွဲ၊ 30/Nov/2015

K25000000 ဘဏ်မှန်နေဂျာ

ဘဏ်တံဆိပ်

အခွန်ဆောင်ထားနိုင်ငံသား
လေးစားသမှုတို့ဂုဏ်ပြု

ပုံစံ(ကသခ)-၁၉။

စည်းကြပ်မှုအရ ငွေသွင်းချလန်

(ငွေပေးသွင်းသူသို့ ပြန်ပေးရန်ဖြတ်ပိုင်း) MD-010015

အခွန်ပေးဆောင်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

116

ဒေါ်စန်းစန်းဝင်း

အခွန်ထမ်းလုပ်ငန်း မှတ်ပုံတင်အမှတ် ထလ(ပုဂ္ဂလိကပိုင်)/၃၄၈၀/၂၀၁၃-၂၀၁၄

အခွန်ထမ်းအမည်နှင့်လိပ်စာ Kyaw Tha Co., Ltd

အမှတ်-၉၈၊ လမ်း-၅၀၊ပုဇွန်တောင်မြို့နယ်

၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်

ကျပ် ၃၀၀၀၀၀၀၀ နှင့်ဒဏ်ငွေကျပ် ၀

စုစုပေါင်းအခွန် ၃၀၀၀၀၀၀၀

ကျပ် သုံးဆယ်သန်း ကျပ်

ပေးသွင်းသဖြင့် လက်ခံရရှိပါသည်။

ရက်စွဲ၊ 20/Nov/2015

ဘဏ်မန်နေဂျာ

23 NOV

ဘဏ်တံဆိပ်	အခွန်ဆောင်ထားနိုင်ငံသား လေးစားသမှုတို့ဂုဏ်ပြု

စည်းကြပ်မှုအရ ငွေသွင်းချလံ

MD-010015

(ငွေပေးသွင်းသူသို့ ပြန်ပေးရန်ဖြတ်ပိုင်း)

အခွန်ပေးဆောင်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

> ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

ဒေါ်စန်းစန်းဝင်း

အခွန်ထမ်းလုပ်ငန်း မှတ်ပုံတင်အမှတ် ၇(၄၇) ထလ(ပုဂ္ဂလိကပိုင်)/၃၄၈၀/၂၀၁၃-၂၀၁၄

အခွန်ထမ်းအမည်နှင့်လိပ်စာ Kyaw Tha Co.. Ltd

အမှတ်-၉၈၊ လမ်း-၅၀၊ပုဇွန်တောင်မြို့နယ်

၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၂၁၈၅၈၃၈၁ နှင့်ဒဏ်ငွေကျပ် ၅၁၀၅၈၃၈

စုစုပေါင်းအခွန် ၂၆၁၆၄၂၁၉

ကျပ် နှစ်ဆယ့်ခြောက်သန်းတစ်သိန်းခြောက်သောင်းလေးထောင့်နှစ်ရာ့ တစ်ဆယ့်ကိုး ကျပ်

ပေးသွင်းသဖြင့် လက်ခံရရှိပါသည်။

ရက်စွဲ၊ 19/Nov/2015

20 NOV 2015

ဘဏ်မန်နေဂျာ

ဘဏ်တံဆိပ်

အခွန်ဆောင်ထားနိုင်ငံသား လေးစားသမှုတို့ဂုဏ်ပြု

၂၀၁၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ
အခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ
ပေးဆောင်ရမည့်
အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

အခွန်ပေးဆောင်မှုအတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

ပတခ(ဝင)၁၉။ MD-010015

(ငွေပေးသွင်းသူသို့ ပြန်ပေးရန်ဖြတ်ပိုင်း)

2/6 ဒေါ်စန်းစန်းဝင်း

အခွန်ထမ်းလုပ်ငန်း မှတ်ပုံတင်အမှတ် ၁၄၇၀/MCO/၂၀၁၃-၂၀၁၄

အခွန်ထမ်းအမည်နှင့်လိပ်စာ Kyaw Tha Co., Ltd

အမှတ်-၉၈၊ လမ်း-၅၀၊ပုဇွန်တောင်မြို့နယ်

၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်

ကျပ် ၂၅၉၃၃၉၂၁ နှင့်ဒဏ်ငွေကျပ် ၂၅၉၃၃၉၂

စုစုပေါင်း(ဂဏန်းဖြင့်) ၂၈၅၂၇၃၁၃

(စာဖြင့်)ကျပ် နှစ်ဆယ့်ရှစ်သန်းငါးသိန်းနှစ်သောင်းခုနှစ်ထောင့်သုံးရာ့တစ်ဆယ့်သုံး ကျပ်

ပေးသွင်းသဖြင့် လက်ခံရရှိပါသည်။

ရက်စွဲ၊ 16/Sep/2015

ဘဏ်မန်နေဂျာ

28527313

ဘဏ်တံဆိပ်	အခွန်ဆောင်ထားနိုင်ငံသား လေးစားသမှုတို့ဂုဏ်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၃-စမ(၂)၂၀၁၅-၂၀၁၆(၃၇၀၇)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ(သန်လျင်)နှင့် မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)တို့ကို နှစ်ရှည်ငှားရမ်းခွင့်ပြုရေးကိစ္စ**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းရှိ စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ(သန်လျင်)နှင့် မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)တို့ကို ၆.၂.၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၄)၏သဘောတူခွင့်ပြုချက်ဖြင့် မြတ်မိဘကုမ္ပဏီလီမိတက်သို့ (၂၀+၅+၅)နှစ်ဖြင့် ငှားရမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ မြတ်မိဘကုမ္ပဏီလီမိတက်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုထပ်မံတိုးမြှင့်၍ အဆိုပါငှားရမ်းစက်ရုံများတွင် နိုင်ငံတကာအဆင့်မီ ထီးအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ထုပ်ပိုးစက္ကူအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းတို့အား တိုးချဲ့ဆောင်ရွက်လိုပါသဖြင့် လက်ရှိငှားရမ်းကာလအစား (၅၀+၁၀+၁၀)နှစ်ဖြင့် နှစ်ရှည်ငှားရမ်းလိုကြောင်း တင်ပြလာပါသည်။

၃။ သို့ပါ၍ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းရှိ စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ(သန်လျင်) နှင့် မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)တို့ကို မြတ်မိဘကုမ္ပဏီလီမိတက်သို့ လက်ရှိငှားရမ်းကာလ(၂၀+၅+၅)နှစ်မှ (၅၀+၁၀+၁၀)နှစ်သို့ နှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်၊ စာချုပ်(မူကြမ်း)၊ အဆိုပြုလွှာများနှင့်တကွ အချက်အလက် အထောက်အထားများပူးတွဲလျက် ထောက်ခံပေးပို့အပ်ပါသည်။

၂၁.၁.၁၆

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(လှမိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၃ - ၅ / နပတ(၄၁)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်

အကြောင်းအရာ။ **ဒုတိယအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း) (၂)ရပ်အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ စက်မှုဝန်ကြီးဌာန၏ ၁၄-၁၂-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၂၃-စမ(၂) ၂၀၁၅-၂၀၁၆ (၃၁၃၇)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ကြီးကြပ်မှုအောက်ရှိ ထီးစက်ရုံခွဲ(လှိုင်)နှင့် စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ(သန်လျင်)အား မြတ်မိဘကုမ္ပဏီလီမိတက်သို့ ငှားရမ်းချုပ်ဆိုခဲ့သည့် ငှားရမ်းခြင်းသဘောတူစာချုပ်(၂)ရပ်အား ပြင်ဆင်ချုပ်ဆိုမည့် ဒုတိယအကြိမ်ပြင်ဆင်ချက်သဘောတူစာချုပ်(မူကြမ်း)(၂)ရပ်အပေါ် သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာနှင့်အတူ ပေးပို့လာသော စာချုပ်(မူကြမ်း)(၂)ရပ်အား လေ့လာရာတွင် ငှားရမ်းမည့်စက်ရုံမှာ တူညီမှုမရှိသော်လည်း လုပ်ကိုင်မည့်ကုမ္ပဏီမှာ တူညီပြီးစာချုပ်ပုံစံမှာလည်း တူညီစွာပြုစုထားသောကြောင့် ပြင်ဆင်ချက်စာချုပ်(မူကြမ်း)(၂)ရပ်အား တစ်ပေါင်းတည်းစိစစ်အကြံပြုပါသည်။

၃။ ရည်ညွှန်းချက်(၂)ပါစာနှင့်အတူ ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်(မူကြမ်း)(၂)ရပ်ကို ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည်-

(က) ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်(မူကြမ်း)များတွင် ဖော်ပြပါရှိသော

စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားပစ္စည်းများနှင့်စပ်လျဉ်းသည့် နောက်ဆက်တွဲများသည် သက်ဆိုင်ရာဌာနမှ တရားဝင်ရေးဆွဲပေးထားသော စာရင်းဇယားများဖြစ်ရန် လိုအပ်ပါသည်၊

(ခ) ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်(မူကြမ်း)များ၏ အပိုဒ် ၄ တွင် စာချုပ်သက်တမ်းတိုးမြှင့်ခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များအား ဖော်ပြပြီးနောက် အပိုဒ် ၁၂ တွင် ယင်းစည်းကမ်းချက်နှင့်စပ်လျဉ်း၍ ထပ်မံဖော်ပြထားသောကြောင့်၊ အပိုဒ် ၄ တွင် ဖော်ပြထားသောစည်းကမ်းချက်အား မင်နီဖြင့်ပြင်ဆင်ပေးလိုက်ပါသည်။ ဌာနမှပြန်လည်စိစစ်သင့်ပါသည်၊

(ဂ) စက္ကူထုပ်ပိုးပစ္စည်း စက်ရုံ(သန်လျင်)နှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် ၁၃ တွင် မူလစာချုပ်ပါ အပိုဒ် (၂၀)မှ (၃၈)အား အပိုဒ် (၁၈)မှ (၃၂)အဖြစ် အစီအစဉ်အတိုင်း ပြောင်းလဲပြင်ဆင်ရမည်ဟုဖော်ပြထားရာ မူလစာချုပ်ပါ အပိုဒ် (၃၄) မှ (၃၈)စာပိုဒ်များသည် မူလစာချုပ်နှင့်သက်ဆိုင်သည့် စည်းကမ်းချက်အပိုဒ်များမဟုတ်ပါဘဲ ပထမအကြိမ် ပြင်ဆင်သည့်စာချုပ်နှင့်သာ သက်ဆိုင်သည့်စည်းကမ်းချက်များဖြစ်ပါသည်။ ထို့ကြောင့် ယင်းစာပိုဒ်နံပါတ်စဉ်များအား မူလစာချုပ်၏နံပါတ်စဉ်များအဖြစ် ပြောင်းလဲပြင်ဆင်ရန်မလိုအပ်ဘဲ ပြင်ဆင်ဖြည့်စွက်ထားသည်ကို တွေ့ရှိရပါသည်၊

(ဃ) မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)နှင့်စပ်လျဉ်းသည့် ချုပ်ဆိုခဲ့ပြီးသော ပထမအကြိမ် ပြင်ဆင်ချက်စာချုပ်(မိတ္တူ)၏ အပိုဒ် ၂၉ တွင် ဖော်ပြထားသည့် မူလစာချုပ်အတွင်း ထပ်မံဖြည့်စွက်လိုသည့် စည်းကမ်းချက်အပိုဒ်များသည် ပထမအကြိမ် ပြင်ဆင်ချက်စာချုပ်နှင့်သာသက်ဆိုင်သည့် စည်းကမ်းချက်များသာဖြစ်ပါသည်။ မူလစာချုပ်အတွင်း ထပ်မံဖြည့်စွက်ရန် မလိုအပ်ပါ။ ယင်းပြင်ဆင်ချက်စာချုပ်နှင့်စပ်လျဉ်း၍ ဤရုံးသို့ အကြံပြုချက်တောင်းခံထားခြင်းမရှိကြောင်း

ရုံး၏မှတ်တမ်းများအရ တွေ့ရှိရပါသည်။ ဌာနမှ တာဝန်ယူပြန်လည်စိစစ်သင့်ပါသည်၊

(င) ဒုတိယအကြိမ်ပြင်ဆင်ချက်စာချုပ်(မူကြမ်း)များပါ ကွက်လပ်များကို စာချုပ်ချုပ်ဆိုချိန်တွင် ပြည့်စုံစွာ ဖြည့်စွက်ထားရန်လိုအပ်ပါသည်၊

(စ) လိုအပ်သောနေရာများတွင် မင်နီဖြင့် ပြင်ဆင်ပေးလိုက်ပါသည်။

၄။ ဤစာချုပ်(မူကြမ်း)များကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့် အညီ ဥပဒေကြောင်းအရသာဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကိုဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်အကြံပြုပါသည်။

၅။ စာချုပ်(မူကြမ်း)များကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်စီပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၆။ ဤ အကြံပြုချက်ကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ကျော်ဆန်း)

ညွှန်ကြားရေးမှူးချုပ်(တာဝန်)

စက်မှုဝန်ကြီးဌာန

မိတ္တူ - ရုံးလက်ခံ/ မျှောစာတွဲ

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

(ယာဉ်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

နှင့်

မြတ်မိဘာကုမ္ပဏီလီမိတက်

တို့

ချုပ်ဆိုသော

မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)

အား

ငှားရမ်းဆောင်ရွက်သည့် သဘောတူစာချုပ်အပေါ်

သက်တမ်းတိုးမြှင့်သည့် ဒုတိယအကြိမ်

ပြင်ဆင်ချက်သဘောတူစာချုပ်

ရက် စွဲ၊ ၂၀၁၆ ခုနှစ်   လ   ရက်

ကန့်သတ်

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ယာဉ်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)နှင့်

မြတ်မိဘကုမ္ပဏီလီမိတက် တို့ ချုပ်ဆိုသော

မြန်မာ့ထီးစက်ရုံခွဲ(လှိုင်) အား ငှားရမ်းသည့် သဘောတူစာချုပ်အပေါ်

သက်တမ်းတိုးမြှင့်သည့် ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်

ဤ ပြင်ဆင်ချက် သဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ်   လ (   )ရက်နေ့တွင် နေပြည်တော်ရှိ ဦးခင်မောင်တင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသောအမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ,ယာဉ်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)(နောင်တွင် "အငှားချထားသူ" ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများနှင့် ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) ကတစ်ဖက်နှင့် ဦးဝင်းလွင်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ ၁၂/ဗတထ(နိုင်)၀၂၈၆၃၉ ကိုယ်စားပြုသော မြတ်မိဘကုမ္ပဏီလီမိတက်၊ အမှတ်(၁၁၁)၊ အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (နောင်တွင်"အငှားချထားခြင်း ခံရသူ"ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က အခြားတစ်ဖက် တို့သည် -

(က) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် (၁၁၁)ရှိ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)၏ မြေ(၂.၃၃၆)ဧကနှင့်စက်ရုံအဆောက်အဦ၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂ၊ မော်တော်ယာဉ်များနှင့် အခြားပစ္စည်းများကို(၁၀)နှစ်သက်တမ်းငှားရမ်း၍ ထီးအမျိုးမျိုးထုတ်လုပ်ခြင်း ၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် သဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ် ဩဂုတ်လ (၂၆)ရက်နေ့တွင် နှစ်ဦးသဘောတူစာချုပ် (နောင်တွင် မူလစာချုပ်ဟု ခေါ်ဆိုမည်ဖြစ်ပါသည်။)ချုပ်ဆို၍လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ခ) စက်မှုဝန်ကြီးဌာန၏ ၄.၄.၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၂-၂၀၁၃) အရ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း တို့ကို ပူးပေါင်း၍ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

(ဂ) ယင်းသို့ လုပ်ငန်းဆောင်ရွက်ရာတွင် မူလစာချုပ်၏သက်တမ်းကို (၁.၉.၂၀၁၁)မှ (၃၁.၈.၂၀၃၁)ထိ (၂၀)နှစ်နှင့် သက်တမ်းတိုးမြှင့်လိုပါက တစ်ကြိမ်လျှင်(၅) နှစ်ဖြင့် (၂)ကြိမ် သက်တမ်းတိုးမြှင့်သည့် ပြင်ဆင်ချက်သဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ် ဇူလိုင်လ(၁၆)ရက်နေ့တွင် နှစ်ဦးသဘောတူစာချုပ် (နောင်တွင် ပြင်ဆင်ချက်သဘောတူစာချုပ်ဟု ခေါ်ဆိုမည်ဖြစ်ပါသည်။) ထပ်မံချုပ်ဆိုခဲ့ပါသည်။

ကန့်သတ်

(ဃ) အဆိုပါ စာချုပ်ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ သဘောတူခဲ့ပြီး စက်မှုဝန်ကြီးဌာန၏ (၂၉.၁၁.၂၀၁၃)ရက်နေ့ တွင် ကျင်းပခဲ့သည့် ပစ္စည်းဝယ်ယူရောင်းချရေးနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီအစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၃-၂၀၁၄)မှ ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

(င) သက်တမ်းတိုးမြှင့်ခြင်းနှင့်ပတ်သက်၍ အစိုးရအဖွဲ့မှခွင့်ပြုသော မူလငှားရမ်းသက်တမ်း (၅)နှစ်အပါအဝင် (၂၀)နှစ်+(၅)နှစ်+(၅)နှစ် ဖြင့် ငှားရမ်းခွင့်ကို(၆-၂-၂၀၁၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၄)မှ သဘောတူ ခွင့်ပြုပြီး ဖြစ်ပါသည်။

(စ) စက်မှုဝန်ကြီးဌာန၏ ၂၆.၃.၂၀၁၅ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၃၄/၂၀၁၄-၂၀၁၅) အရ အထည်အလိပ်လုပ်ငန်းနှင့် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းတို့ကို ပူးပေါင်း၍ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

(ဆ) မူလစာချုပ်၏ သက်တမ်းအား (၁.၉.၂၀၁၁) မှ (၃၁.၈.၂၀၆၁) ထိ (၅၀)နှစ် နှင့် သက်တမ်းတိုးမြှင့်ငှားရမ်းလိုပါက တစ်ကြိမ်လျှင်(၁၀)နှစ်ဖြင့်(၂)ကြိမ် သက်တမ်းတိုးမြှင့် ငှားရမ်းလိုခြင်းကြောင့် ဒုတိယအကြိမ်ပြင်ဆင်သည့် ဤပြင်ဆင်ချက်သဘောတူစာချုပ်ကို စာချုပ်ဝင်များအကြား ချုပ်ဆိုရခြင်း ဖြစ်ပါသည်။

(ဇ) ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏( )ရက်စွဲပါ ခွင့်ပြုချက်အမိန့်ကြော်ငြာစာအမှတ် ( ) ဖြင့် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

(ဈ) မူလစာချုပ်၏ စာချုပ်ပြင်ဆင်ခြင်း ခေါင်းစဉ်အောက်ရှိ အပိုဒ်(၂၆)တွင် ဖော်ပြထားချက်အရ မူလစာချုပ်ကိုပြင်ဆင်သည့် ဤဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်ကို( )နေ့တွင် ကျင်းပပြုလုပ်ခဲ့သော စက်မှုဝန်ကြီးဌာန၊စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (/၂၀၁၅-၂၀၁၆)မှ သဘောတူပြီးဖြစ်ပါသည်။

သို့ပါ၍ စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့သည် မူလစာချုပ်ကိုပြင်ဆင်သည့် ဤဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်အား အောက်ပါသဘောတူညီချက်များနှင့်အညီ ချုပ်ဆိုရခြင်းဖြစ်ပါသည် -

၁။ မူလစာချုပ်၏ ရည်ရွယ်ချက် ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁)အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

ရည်ရွယ်ချက်

၁။ "အငှားချထားသူ" ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် (၁၁၁)ရှိ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)၏ မြေ(၂.၃၃၆)ဧကနှင့် စက်ရုံ၊ အဆောက်အဦ၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂ၊ မော်တော်ယာဥ်များနှင့် အခြားပစ္စည်းများကို " အငှားချထားခြင်းခံရသူ" မှ ငှားရမ်း၍ ထီးအမျိုးမျိုးထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းလုပ်ငန်းများအပြင် ထီးအမျိုးမျိုး တိုးချဲ့ထုတ်လုပ်ခြင်း နှင့် ကုမ္ပဏီလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန် အဆောက်အဦများမွမ်းမံခြင်း၊ အကြီးစားပြင်ဆင်ခြင်း၊ အစားထိုးဆောင်ရွက်ခြင်း၊ ထပ်တိုးပစ္စည်းများ ဖြည့်တင်းခြင်း ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဤစက်ရုံငှားရမ်းသည့် သဘောတူစာချုပ်ကို ချုပ်ဆိုခြင်းဖြစ်ပါသည်။

၂။ မူလစာချုပ် အပိုဒ်(၃)ပါ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(ဆ)အား ပယ်ဖျက်၍ အောက်ပါအပိုဒ်များဖြင့် အစားထိုးပြင်ဆင်ရမည်-

(ဃ) စက်ပစ္စည်းကိရိယာများ - နောက်ဆက်တွဲ(ခ)

(ဆ) အခြားပစ္စည်းများ - နောက်ဆက်တွဲ(င)

၃။ မူလစာချုပ်၏ ငှားရမ်းမည့်အချိန်ကာလ ခေါင်းစဥ်အောက်ရှိ အပိုဒ်(၄)နှင့်(၅)တို့အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်များဖြင့် အစားထိုးပြင်ဆင်ရမည် -

ငှားရမ်းမည့်အချိန်ကာလ

၄။ ငှားရမ်းမည့်အချိန်ကာလမှာ (၁.၉.၂၀၁၁) နေ့မှ (၃၁.၈.၂၀၆၁) ထိ ဖြစ်ပါသည်။

၅။ သက်တမ်းတိုးမြှင့်ငှားရမ်းလိုပါက သက်တမ်းတစ်ကြိမ်လျှင်(၁၀)နှစ်ဖြင့် (၂)ကြိမ် သက်တမ်းတိုးမြှင့်ငှားရမ်းနိုင်သည်။ သက်တမ်းတိုးဆောင်ရွက်ခြင်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပြီးမှသာ အတည်ဖြစ်သည်။

၄။ မူလစာချုပ်၏ စာချုပ်သက်တမ်း ခေါင်းစဥ်အောက်ရှိ အပိုဒ်(၆)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

စာချုပ်သက်တမ်း

၆။ စာချုပ်သက်တမ်းမှာ(၁.၉.၂၀၁၁)ရက်နေ့မှ စ၍ (၁.၈.၂၀၆၁) ရက်နေ့အထိ(၅၀)နှစ် ဖြစ်ပါသည်။

၅။ မူလစာချုပ်၏ ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့်လွှဲပြောင်းပေးမည့်ဝန်ထမ်း ခေါင်းစဥ်အောက်ရှိ အပိုဒ်(၇)အား ပယ်ဖျက်ရမည်။

၆။ မူလစာချုပ်၏ ဝန်ထမ်းရေးရာကိစ္စရပ်များ ခေါင်းစဥ်အောက်ရှိ အပိုဒ်(၈)နှင့် အပိုဒ်ခွဲများအား ပယ်ဖျက်ရမည်။

၇။ မူလစာချုပ်ပါ အပိုဒ် (၉)မှ(၁၁) အား အပိုဒ် (၇)မှ(၉) အဖြစ် အစီအစဥ်အတိုင်း ပြောင်းလဲပြင်ဆင်ရမည်။

၈။ မူလစာချုပ်၏ နောက်ကျကြေးပေးသွင်းခြင်း ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁၂)အား ပယ်ဖျက်၍ အပိုဒ်(၁၀)အဖြစ်အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

နောက်ကျကြေးပေးသွင်းခြင်း

၁၀။ ငှားရမ်းခကျသင့်ငွေကို (၃)လတစ်ကြိမ် ပထမလ၏ (၁၅)ရက်အတွင်း ပေးသွင်းရမည်။ ပေးသွင်းရန်ပျက်ကွက်ပါက နောက်ကျဒဏ်ကြေးအဖြစ် (၁)လနောက်ကျတိုင်း (၃)လအတွက် ပေးသွင်းရမည့်ငှားရမ်းခကျသင့်ငွေ၏ (၀.၅%) (သုညဒသမငါးရာခိုင်နှုန်း)ကို ဒဏ်ကြေးအဖြစ်သတ်မှတ်၍ နောက်ကျသည့်ရက်များအတွက် နောက်ကျဒဏ်ကြေးအား (၁)လ နောက်ကျပါက ပေးသွင်းရမည့်သတ်မှတ်ချက်ဖြစ်သော ငှားရမ်းခ(၃)လ အတွက်ကျသင့်ငွေ၏ (၀.၅%)ကိုအခြေခံ၍တွက်ချက်ပေးဆောင်ရမည်။

၉။ မူလစာချုပ်ပါ အပိုဒ် (၁၃)မှ(၁၆) အား အပိုဒ် (၁၁)မှ(၁၄) အဖြစ် အစီအစဥ်အတိုင်း ပြောင်းလဲပြင်ဆင်ရမည်။

၁၀။ မူလစာချုပ်၏ အာမခံထားရှိခြင်း ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁၇)အားပယ်ဖျက်၍ အပိုဒ်(၁၅) အဖြစ် အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

အာမခံထားရှိခြင်း

၁၅။ ''အငှားချထားခြင်းခံရသူ''သည် တစ်နှစ်ငှားရမ်းခ၏ ၁၀% နှင့် ညီမျှသော တန်ဖိုးအား လုပ်ငန်းဆောင်ရွက်မှုအာမခံ(အပ်ငွေ)အဖြစ် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (ယခင် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း) ၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)၊ရန်ကုန်မြို့ (သို့မဟုတ်)မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)ရှိငွေထုတ်စာရင်းအမှတ်၊SEE A/C သို့ ပေးသွင်းအပ်နှံထားရှိရမည်။ *(သို့မဟုတ်)* လုပ်ငန်းဆောင်ရွက်မှုအာမခံ(Performance Bank Guarantee)အဖြစ် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)၊ ရန်ကုန်မြို့ (သို့မဟုတ်) မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် အပ်နှံထားရှိ၍ ထားရှိမှုမှတ်တမ်းအား အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)တွင်သိမ်းဆည်းထားရှိရမည်။ ''အငှားချထားခြင်းခံရသူ'' သည် စာချုပ်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ''အငှားချထားသူ''အနေဖြင့် အဆိုပါလုပ်ငန်းဆောင်ရွက်မှုအာမခံအား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်သိမ်းဆည်းနိုင်သည်။ အဆိုပါလုပ်ငန်းဆောင်ရွက်မှုအာမခံအား ဤစာချုပ် အကျိုးသက်ရောက်သည့်နေ့မှစ၍ (၄၅)ရက် အတွင်း ပေးဆောင်ရမည်။

၁၁။ မူလစာချုပ်တွင်မပါဝင်သော ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခြင်း ခေါင်းစဉ်အား အပိုဒ်(၁၆) အဖြစ် အောက်ပါစာပိုဒ်ဖြင့် ထပ်မံဖြည့်စွက်ရမည်-

ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခြင်း

၁၆။ "အငှားချထားခြင်းခံရသူ"သည်(၃)လတစ်ကြိမ်ပေးချေရမည့် ငှားရမ်းခ၏(၅%)နှင့်ညီမျှသောတန်ဖိုးအား ကုန်သွယ်လုပ်ငန်းခွန်အဖြစ် (၃)လပြည့်တိုင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော် (သို့မဟုတ်) ရန်ကုန်မြို့တွင် ပေးဆောင်ပြီး ပေးဆောင်မှု မှတ်တမ်းအား အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း (ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း) တွင်သိမ်းဆည်းထားရှိရမည်။ သို့ဖြစ်ပါ၍ အခွန်အကောက်ဆိုင်ရာဥပဒေအရ ပေးဆောင်ရမည့်အခွန်များအား "အငှားချထားခြင်းခံရသူ" မှ ပေးသွင်းရပါမည်။

၁၂။ မူလစာချုပ်ပါ အပိုဒ် (၁၈) အား အပိုဒ် (၁၇) အဖြစ် ပြောင်းလဲပြင်ဆင်ရမည်။

၁၃။ မူလစာချုပ်၏ စာချုပ်သက်တမ်းတိုးခြင်း ခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၉)အား ပယ်ဖျက်၍ အပိုဒ်(၁၈)အဖြစ် အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည် -

စာချုပ်သက်တမ်းတိုးခြင်း

၁၈။ " အငှားချထားခြင်းခံရသူ "သည် မူလ (၅၀) နှစ်ငှားရမ်းပြီးနောက် နောက်ထပ် စာချုပ်သက်တမ်းတိုးခြင်းသည်(၁၀)နှစ်(၂)ကြိမ်သာဖြစ်သည်။ သက်တမ်းတိုးဆောင်ရွက်ခြင်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြ၍ ခွင့်ပြုချက်ရရှိပြီးမှသာ အတည်ဖြစ်သည်။

၁၄။ မူလစာချုပ်ပါ အပိုဒ်(၂၀)မှ(၃၂)အား အပိုဒ်(၁၉)မှ(၃၁)အဖြစ် အစီအစဉ်အတိုင်းပြောင်းလဲပြင်ဆင်ရမည်။

၁၅။ ဤ ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပြင်ဆင်ချက် သဘောတူစာချုပ်သည်၂၀၁၆ ခုနှစ် လ ( )ရက် နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

၁၆။ ဤစာချုပ်ပါ ပြင်ဆင်ပြောင်းလဲသည့် စည်းကမ်းချက်မှတစ်ပါး မူလစာချုပ်ပါ ကျန်စည်းကမ်းချက်များမှာ ပြောင်းလဲမှုမရှိဘဲ ဆက်လက်၍ အကျိုးသက်ရောက်မှုရှိစေရမည်။

၁၇။ ဤ ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပြင်ဆင်ချက် သဘောတူစာချုပ်တွင် ပါရှိသော နောက်ဆက်တွဲ များသည် မူလစာချုပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။

၁၈။ ဤ ဒုတိယအကြိမ် သက်တမ်းတိုးမြှင့် ပြင်ဆင်ချက်သဘောတူစာချုပ်သည် မူလစာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

၁၉။ ဤ ဒုတိယအကြိမ် သက်တမ်းတိုးမြှင့် ပြင်ဆင်ချက်သဘောတူစာချုပ်သည် နိုင်ငံတော်မူဝါဒအရ ပြင်ဆင်ရန်လိုအပ်ပါက နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ပြင်ဆင်ချုပ်ဆိုနိုင်သည်။

၂၀။ ဤဒုတိယအကြိမ်သက်တမ်းတိုးမြှင့်ပြင်ဆင်ချက် သဘောတူစာချုပ်အား ၂၀၁၆ခုနှစ် လ ( ) ရက်နေ့တွင် "အငှားချထားသူ" နှင့် "အငှားချထားခြင်းခံရသူ"တို့ အောက်ပါအသိသက်သေများ ရှေ့မှောက်တွင် သဘောတူလက်မှတ်ရေးထိုးကြပါသည်-

အငှားချထားသူ(ကိုယ်စား)	အငှားချထားခြင်းခံရသူ(ကိုယ်စား)
ဦးခင်မောင်တင့် ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (ယာဉ်စက်ကျူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)	ဦးဝင်းလွင် အုပ်ချုပ်မှုဒါရိုက်တာ မြတ်မိဘကုမ္ပဏီလီမိတက်

အသိသက်သေ

ဒေါက်တာစိုးနိုင် အထွေထွေမန်နေဂျာ နည်းပညာဖွံ့ဖြိုးရေးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (ယာဉ်စက်ကျူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)	ဦးဝင်းမောင် ဒါရိုက်တာ ၉/မခန(နိုင်)၁၁၉၇၄၇ အမှတ်(၉၈)၊လမ်း (၅၀) ပုဇွန်တောင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

ကန့်သတ်

၇

ဦးသန်းထွန်း
အထွေထွေမန်နေဂျာ
အရည်အသွေးထိန်းသိမ်းရေးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
(သင်္ဘောစက်ကျူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)
ရန်ကုန်တိုင်းဒေသကြီး။

ဒေါ်ဥမ္မာမြင့်
ဒါရိုက်တာ
၁၂/ပဇတ(နိုင်)၀၀၇၉၀၉
အမှတ်(၉၈)၊လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊

ဒေါ်ခင်ခင်ချို
အထွေထွေမန်နေဂျာ
ဘဏ္ဍာရေးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
(သင်္ဘောစက်ကျူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

ကန့်သတ်

နောက်ဆက်တွဲ(ခ)

မြန်မာ့ထီးစက်ရုံခွဲ (လှိုင်)

စက်ပစ္စည်းစာရင်း

စဥ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	မှတ်ချက်
၁	High Speed Single Needle(Lock-Stich)M/C (King Tex)	Nos	10	
၂	Single Needle Stiching M/C (Brother Japan)	Nos	2	
၃	Single Needle Flat bed(Single Needle Sewing M/C)(Mitsubishi Korea)Three Phase Motor	Nos	8	
၄	ကွန်ပျူတာခေါင်အုပ်စက်	Nos	2	
	<u>အထောက်အကူပြုစက်များ</u>			
၁	ARC Welding Transformer 200 A	No	1	
၂	Lathe Machine	No	1	
၃	Up Right Drilling Machine	No	1	
၄	Grinding Machine(Double Wheel)	No	1	
၅	ဖိုင်ဘာကန်(4' x 3'x 3')	Nos	5	

နောက်ဆက်တွဲ(င)

မြန်မာ့ထီးစက်ရုံခွဲ (လှိုင်)

မော်တော်ယာဥ်စာရင်း

စဥ်	ယာဥ်အမှတ်	ယာဥ်အမျိုးအစား	အရေအတွက်	အသုံးပြုလောင်စာဆီ	မှတ်ချက်
၁	ကအ/၆၀၄၆	T-2000	1	ဓါတ်ဆီ	
၂	၅ခ/၂၄၀၈	TE-21	1	CNG	

မြတ်မိဘ ကုမ္ပဏီလီမိတက်
Myat Miba Co.,Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်တိုင်းဒေသကြီး။

စာအမှတ်။ ။မြတ်မိဘ/ ၁၀၇/၂၀၁၅-၂၀၁၆

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ [illegible] ၁ ရက်။

အကြောင်းအရာ။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော် ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များလျှောက်ထားခြင်း။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ပြီးဖြစ်သည့် ကျွန်တော်များ " မြတ်မိဘ ကုမ္ပဏီလီမိတက် " (Myat Mi Ba Co., Ltd.) သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ [အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၁၁၁ ရှိ မြန်မာ့ထီးစက်ရုံခွဲ (လှိုင်)]၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁) မြေကွက်အမှတ် ၁၀/က၊ ၁၁/က၊ ၁၂၊ ၁၃၊ ၁၇/က-၁၊ ၂၂/ခ-၁ တွင် ထီးအမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ကနဦးနှစ် (၅၀) နှင့် သက်တမ်းတိုး (၁၀)နှစ် (၂)ကြိမ် နှစ်ရှည်ငှားရမ်းပြီး ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြု မိန့်ကို လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်များကုမ္ပဏီသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ် (၂၇၃၇.၀၀) သန်း ရင်းနှီးမြှုပ်နှံမည် ဖြစ်ပါသည်။ ကျွန်တော်များ၏ စက်ရုံသည် ပြည်ပမှ ကုန်ကြမ်းတင်သွင်းပြီး ထီးလက်ချုပ်လုပ်ငန်းကို လုပ်သားအင်အားများ များအသုံးပြုရသောလုပ်ငန်းတစ်မျိုးဖြစ်ပါသည်။ထို့ကြောင့် ကျွန်တော်များ၏စက်ရုံသည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြစ် ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိစေသော လုပ်ငန်းဖြစ်ပါသည်။

၃။ စက်ရုံအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ကျပ် (၂၇၃၇.၀၀) သန်း၊ငွေသားကျပ် (၅၀၀.၀၀) သန်း၊ ဆောက်လုပ်မှုတန်ဖိုး ကျပ် (၂၀၄၇.၅၀)သန်း၊ ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းတန်ဖိုး ကျပ် (၁၅.၃၃)သန်း၊ ကုန်ကြမ်း တန်ဖိုး ကျပ် (၇၄.၆၂) သန်း အသီးသီးတို့ဖြင့် ထည့်ဝင် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ ကျွန်တော်များ ထုတ်လုပ်သော ကုန်ချောများကို ပြည်တွင်း ဈေးကွက်တွင် သွင်းကုန်အစားထိုး ဖြန့်ဖြူးမည် ဖြစ်ပါသည်။

0915

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ရရှိစေရန်အတွက် လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း သစ်များပေါ်ပေါက် လာစေရန်အတွက်လည်းကောင်း၊မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အားပါဝင်နိုင်စေရန်အတွက်လည်းကောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် ဆင်းရဲနွမ်းပါးမှုလျှော့နည်းရေး ကိစ္စတွင် တစ်တပ်တစ်အားပါဝင် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ ကျွန်တော်များလျှောက်ထားခြင်းကိုလက်ခံစဉ်းစားပေးပါရန်နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရအခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကိုလည်း ခံစားခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

၅။ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက်ပြည်ထောင်စုမြန်မာနိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့်ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် ဤလျှောက်လွှာနှင့် အတူ အောက်ဖော်ပြပါအထောက်အထားစာရွက်စာတမ်းများ ကိုပူးတွဲတင်ပြအပ်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်ကမကထပြုသူ၏ လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်။

(ခ) ဘဏ္ဍာရေးအချက်အလက်များနှင့် ပတ်သတ်၍တွက်ချက်မှုဇယားများ။

(ဂ) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးအထောက်အထားများ။

(ဃ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ။

(င) သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်း၊

လေးစားစွာဖြင့်

ဝင်းလွင်
အုပ်ချုပ်မှုဒါရိုက်တာ
မြတ်မိဘကုမ္ပဏီလီမိတက်

မြတ်မိဘ ကုမ္ပဏီလီမိတက်
Myat Miba Co.,Ltd.
No-111, Yangon - Insein Main Road (9) Ward, Hlaing T/S, Yang
Tel : 95 - 1 - 706883, 526163, 516212, 592236, 592237
Fax : 95 - 1 - 516089, E-mail : myatmiba.ho@gmail.com

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း
နေပြည်တော်။

စာအမှတ်၊ မြတ်မိဘ/၁၈၀/၂၀၁၅-၂၀၁၆
ရက်စွဲ၊၂၀၁၅ခုနှစ်၊နိုဝင်ဘာလ ၃၀ ရက်။

အကြောင်းအရာ။ ။ <u>ပြည်ထောင်စုမြန်မာနိုင်ငံတော် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက် ပေးပို့ခြင်း။</u>

ရည်ညွှန်းချက်။ ။(၁) စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၁၁.၈.၂၀၁၄ရက်စွဲပါစာအမှတ် ၁၅၀၆/(၁-စမ)/၂၀၁၄/ ပုဂ္ဂလိက/၁၁၅၂

(၂) စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၂၂.၈.၂၀၁၄ရက်စွဲပါစာအမှတ် ၁၅၀၆/(၁-စမ)/၂၀၁၄/ ငှားရမ်း /၁၂၁၈

(၃) စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၂၇.၈.၂၀၁၄ရက်စွဲပါစာအမှတ် ၁၅၀၆/(၁-စမ)/၂၀၁၄/ ငှားရမ်း /၁၂၂၉

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ကျွန်တော်များသည်မြန်မာ့ထီးစက်ရုံ (လှိုင်စက်ရုံခွဲ) အားငှားရမ်းခဲ့ခြင်းကိစ္စကို အောက်ပါအတိုင်းစာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပါသည်။

(က) ၂၆-၈-၂၀၁၁ ခုနှစ်တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။

(ခ) ကနဦးစာချုပ်သက်တမ်းမှာ ၁-၉-၂၀၁၁ မှ ၃၁-၈-၂၀၁၆ အထိ(၅)နှစ်ဖြစ်ပါသည်။

(ဂ) စက်မှုဝန်ကြီးဌာန၏ ၈.၁၂.၂၀၁၁ရက်စွဲပါ စာအမှတ် ၄၀-စမ(၂)၂၀၁၁-၂၀၁၂/ (၅၆)အရ၁၆-၁၂-၂၀၁၁နေ့တွင်ကျင်းပပြုလုပ်သောပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီအစည်းအဝေးအမှတ်စဉ် ၇/၂၀၁၁၊၂၀၁၂၏ သဘောတူညီချက်အရစာချုပ်သက်တမ်း ကို ၁-၉-၂၀၁၁ မှ ၃၁ - ၈- ၂၀၂၁ အထိ (၁၀) နှစ် ပြင်ဆင်သတ်မှတ်ခွင့်ရ ရှိခဲ့ ပါသည်။

(ဃ) ၂၉-၁၁-၂၀၁၃ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန ပစ္စည်း ဝယ်ယူရောင်းချရေးနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီအစည်းအဝေးအမှတ်စဉ် ၁၈/၂၀၁၃-၂၀၁၄ အရ(၁၀)နှစ် အစား ကနဦး (၂၀)နှစ် နှင့် သက်တမ်းတိုးမြှင့်လိုပါတစ်ကြိမ်လျှင်(၅)နှစ်ဖြင့် နှစ်ကြိမ် သက်တမ်းတိုးမြှင့်ရန်

0284

(င) ၆-၂-၂၀၁၄ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စု အစိုးရအဖွဲ့ အမှတ်စဉ် (၃/၂၀၁၄) အရ မူလဒွားရမ်းသက်တမ်း(၅)နှစ်အပါအဝင် (၂၀)နှစ် + (၅)နှစ် + (၅)နှစ် ကို သဘောတူခဲ့ပါသည်။

(စ) ၉-၄-၂၀၁၄ရက်နေ့ ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၄-၂၀၁၅) ၏ ဆုံးဖြတ်ချက်အရ " ကျော်သာ ကုမ္ပဏီ လီမိတက်" အား " မြတ်မိဘ ကုမ္ပဏီလီမိတက်" အဖြစ် ပြောင်းလဲသုံးစွဲခွင့်ပြုခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ရည်ညွှန်းချက်(၃)ပါ စာအရ ဌားရမ်းမှု သက်တမ်း ကို အထက်အပိုဒ် ၁ (င) ပါလက်ရှိဌားရမ်း သက်တမ်းအစား ကနဦး နှစ်(၅၀)နှင့် သက်တမ်းတိုး (၁၀)နှစ် (၂)ကြိမ် ကို BOTစနစ်ဖြင့်တိုးမြှင့်ဌားရမ်းခွင့်ရရှိရေးအတွက်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ တဆင့်ပေးပို့နိုင်ပါရန် တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဝင်းလှိုင်
အုပ်ချုပ်မှုဒါရိုက်တာ
မြတ်မိဘကုမ္ပဏီလီမိတက်

မြန်မာ့ထီးစက်ရုံ(လှိုင်စက်ရုံခွဲ)အားနှစ်ရှည်ငှားရမ်းဆောင်ရွက်ရန် အဆိုပြုချက်အပေါ် ရှင်းလင်းတင်ပြခြင်း

မြတ်မိဘကုမ္ပဏီလီမိတက် (MYAT MI BA CO., LTD.) မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ စက်မှုဝန်ကြီးဌာနပိုင် မြန်မာ့ထီးစက်ရုံ (လှိုင်စက်ရုံခွဲ) အားနှစ်ရှည်ငှားရမ်း ဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်းရှင်းလင်းတင်ပြအပ်ပါသည်။

(က)ထုတ်လုပ်မှုကုန်ချောသကြားများအားထုတ်လုပ်ဖြန့်ဖြူးမည့်အခြေအနေနှင့်ပတ်သတ်၍တင်ပြချက်။

ကျော်သာကုမ္ပဏီလီမိတက်သည် ယခင်မြန်မာ့ထီးစက်ရုံ (လှိုင်စက်ရုံခွဲ) အားစက်မှုဝန်ကြီးဌာနမှကနဦး (၂၀) နှစ် နှင့် သက်တမ်းတိုး (၅) နှစ် (၂) ကြိမ် စုစုပေါင်း ၃၀ နှစ်ငှားရမ်းခွင့်ရရှိခဲ့ပါသည်။ ယင်းကုမ္ပဏီအနေဖြင့် ငှားရမ်းပြီးနောက် အကျိုးအမြတ်များရရှိခဲ့ခြင်း မရှိပါ။ ၄င်းနောက် ကျော်သာကုမ္ပဏီလီမိတက် အနေဖြင့် အဆင်မပြေ၍မြတ်မိဘကုမ္ပဏီလီမိတက်အမည်ဖြင့်ကုန်ထုတ်လုပ်မှုကိုစတင်မည်ဖြစ်ပါသည်။ ထုတ်လုပ်ထွက်ရှိသော ကုန်ချောများကို ပြည်တွင်းဈေးကွက်၌ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

စက်ရုံအား (၁၄၀' x ၆၅') ၅ထပ် အဆောက်အဦးအဖြစ် ခွင့်ပြုချက်ရယူမွမ်းမံခြင်း၊ အကြီးစားပြင်ဆင်ခြင်း၊အစားထိုးဆောင်ရွက်ခြင်း၊ ထပ်တိုးပစ္စည်းများကို လိုအပ်သလို ဖြည့်တင်းမည်ဖြစ်ပါသည်။ ဆောက်လုပ်မည့်အဆောက်အဦးတွင် မြတ်မိဘကုမ္ပဏီလီမိတက်အုပ်စု၏ မြတ်မိဘကုမ္ပဏီ network အတွက်ရုံးခန်းတွဲများ၊ ပြခန်းများနှင့် ဆပ်ပြာ ထီး အိမ်သုံးဆေးအမျိုးမျိုးတို့၏ လက်လီလက်ကား ဆိုင်ရာလုပ်ငန်းများ ကိုလည်း အကောင်အထည်ဖော်သည့်အနေဖြင့် အဆောက်အဦးသစ်များ ထပ်မံတည်ဆောက်ဆောင်ရွက်မည်ဖြစ်ပါသည်။

(ခ)ကုန်ကြမ်းအားရယူမည့်ပုံစံတင်ပြခြင်း

မြတ်မိဘကုမ္ပဏီလီမိတက်သည် မူလထုတ်ကုန်ပစ္စည်း မတိမ်ကောရေးအတွက် ကုန်ကြမ်းကို ပြည်ပမှ ဝယ်ယူ၍ ဆောင်ရွက်ပါမည်။ ၄င်းအပြင် အခြား ထီးရောင်းဝယ်ရေး ဆောင်ရွက်သည့် ကုမ္ပဏီများမှ ထီးများကိုလည်း လက်ခစားစနစ်ဖြင့်လည်းချုပ်လုပ်မည်ဖြစ်ပါသည်။ ၄င်းအပြင်ထနေ့ဈေးကွက် စီးပွားရေးစနစ်တွင် ဈေးကွက်မြှင့် တင်မှုဆိုင်ရာ ကျင်းသုံးသည့် ထီးများကို လက်ခံထုတ်လုပ်ပေးမည်ဖြစ်ပါသည်။ ကုန်ကြမ်းများကို နောက်ဆက်တွဲ (၅) ဖြင့် ဖော်ပြထားပါသည်။

စက်မှုဝန်ကြီးဌာနမှလွှဲပြောင်းရရှိသောဝန်ထမ်း (၅၉)ဦး အနက်လက်ရှိအငြိမ်းစားယူပြီးပြန်လည်လုပ်ကိုင်နေသောဝန်ထမ်း (၄၃) ဦးကိုလည်းကောင်း၊ရာသီချိန်တွင် ထီးချုပ်လုပ်ပါကလိုအပ်မည့် ရာရေပုတ်ပြတ်လုပ်သား (၂၀၀)ခန့်ကိုလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

(ဂ)အလုပ်သမားတစ်ဦးအားလုပ်ခလစာပေးသည့်ပုံစံနှင့် လုပ်ခနှုန်းထားတင်ပြခြင်း။

ကုမ္ပဏီအနေနှင့် စက်မှုဇုန်ကြီးဌာနထံမှတဆင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ကနဦးနှစ် (၅၀) နှင့် သက်တမ်းတိုး (၁၀) နှစ် (၂) ကြိမ် ငှားရမ်းရန်အဆိုပြု တင်ပြရာတွင် အလုပ်သမားများ၏ လစာနှုန်းထားများကို ၂၀၁၅ ခုနှစ် တွင်ဖြစ်ပေါ်နေသော လစာများ၏ပျမ်းမျှ အခြေအနေအရ အခြေခံတွက်ချက် တင်ပြထားခြင်းဖြစ်ပါသည်။ နှစ်ရှည်ငှားရမ်းခြင်းဖြစ်၍ နောင်လာမည့် နှစ်များတွင်လည်းအခါ အားလျော်စွာဖြစ် ပေါ်နေသောလုပ်ခ လစာကို ပေးချေမည်ဖြစ်ပါသည်။ ရာရေပုတ်ပြတ် လုပ်သားများ အနေနှင့် အနိမ့်ဆုံးအခြေခံ လစာ ကျပ် ၁၂၀၀၀၀/- ရရှိနိုင်ရန် စံနှုန်းသတ်မှတ်ပေးပြီး ယင်းစံနှုန်းထက် ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်သည် နှင့်အမျှ ၎င်းတို့၏လစာဝင်ငွေမှာပိုမိုတိုးမြှင့် ရရှိနိုင်မည်ဖြစ်ပါသည်။ ဝန်ထမ်းအများစုမှ စက်ရုံပတ် ဝန်းကျင်တွင် နေထိုင်သူများနှင့်စက်ရုံနှင့် အလှမ်းဝေးသည့်နေရာတွင်နေထိုင်သူများအတွက် ခရီးစရိတ်ထောက်ပံ့ပေးပါသည်။ စက်မှုဇုန်ကြီးဌာနမှ လွှဲယူပြီးနောက် ဝန်ထမ်းများ၏ အခြေခံလစာကို ၎င်းတို့ယခင်ရရှိခဲ့သောလစာထက်မနည်း ပေးချေမည်ဖြစ်ပြီး ဆုကြေးကိုလည်း ထည့်သွင်းဖန်တီး ပေးမည်ဖြစ်ရာ ပျမ်းမျှအားဖြင့် အနိမ့်ဆုံးလုပ်ခ ကျပ် ၁၂၀၀၀၀/- ခန့်မှ အမြင့်ဆုံးလုပ်ခကျပ် ၃၀၀၀၀၀/-ခန့်ရရှိနိုင်ပါကြောင်းတင်ပြအပ်ပါသည်။

(ဃ)အလုပ်သမားတစ်ဦးတစ်နေ့ပုံမှန်အလုပ်ချိန်

ကုမ္ပဏီအနေဖြင့်ထုတ်လုပ်မှု ရာသီချိန်တွင်အလုပ်ချိန်ကို တစ်ရက်လျှင် (၈)နာရီ (၂) ဆိုင်းသတ်မှတ် ပါ သည်။ တည်ဆဲအလုပ်သမားဥပဒေနှင့် အညီအလုပ်ချိန်အတွင်းနားချိန် အသီးသီး သတ်မှတ်ထားရှိပေးပါသည်။ တနင်္ဂနွေနှင့်အခြားအစိုးရ ရုံးပိတ်ရက်များတွင် လုပ်ငန်းသဘာဝအရအချိန်ပိုဆင်းရပါက ဥပဒေပါခံစားခွင့်ပေးပြီး ကျွေးမွေးခြင်းကိုလည်းလုပ်ဆောင်ပေးပါမည်။

(င)စက်ရုံအလုပ်သမားအရေအတွက်နှင့်ထမင်းစားဆောင်/ရေချိုးခန်း/အိမ်သာထားရှိမှု

(၁) ထမင်းစားဆောင်ကိုလုံလောက်စွာထားရှိပါမည်။

(၂) ကျားရေချိုးခန်း (၃)ခန်း

(၃) ကျားသန့်စင်ခန်း (၅)ခန်း

(၄) မရေချိုးခန်း (၃)ခန်း

(၅) မသန့်စင်ခန်း(၆)ခန်း

(၆) ကုန်ထုတ်လုပ်သားများအနေဖြင့် လုပ်ငန်းခွင်သုံးဝတ်စုံ (Boiler Suit) များဝတ်ဆင်သည့်အခါ၎င်းတို့၏ အဝတ်အစားအသုံးအဆောင်များသိမ်းဆည်းနိုင်ရေးအတွက် Locker များထားရှိပေးပါမည်။

ထမင်းစားချိန်ကိုရုံးဂန်ထမ်းများနှင့် ကုန်ထုတ်ဂန်ထမ်းများနှစ်ကြိမ်ခွဲ၍စားသောက်နိုင်ရန်စီစဉ်ထားရှိပါမည်။ သန့်စင်ခန်းလုံလောက်စွာထားရှိပေးပြီးလိုအပ်သော သန့်စင်ခန်းသုံးပစ္စည်း၊ ရေ၊ ဆပ်ပြာနှင့် ရေအိမ်သုံးစက္ကူများ ပံ့ပိုးပေးထားပါမည်။ ထို့အပြင်ကုန်ထုတ်ဌာနအသီးသီးတွင်လည်းအလုပ်သမားများအတွက်ရေချိုးခန်း (၃) ခန်းစီ ကိုလည်း ကျား မ သီးသန့်ခွဲ၍ဆောက်လုပ်ထားပါမည်။ မီးသတ်ပစ္စည်းအမျိုးမျိုးကိုလိုအပ်သောပွိုင့်အလိုက်ထား ရှိပြီး မီးဘေးလုံခြုံရေး အလုပ်ခွင်လုံခြုံရေးတို့ကိုပါစီစဉ်ထားပါမည်။စက်ရုံအတွင်းမီးဘေးအန္တရာယ်ဖြစ်ပေါ်နိုင် သည့်နေရာတွင် အပေါ့စားမီးသတ်စက်များ ထားရှိဆောင်ရွက်ပါမည်။ လျှပ်စစ်ကြောင့်လည်းကောင်း၊ ဆီကြောင့် လည်းကောင်းဖြစ်ပေါ်နိုင်သည့် မီးဘေးအန္တရာယ်ကို ငြိမ်းသတ်နိုင်ရန် အစီအမံများကိုလည်း ထားရှိပါမည်။

(စ) အဆောက်အဦးများဆောက်လုပ်ခြင်း

လက်ရှိစက်မှုဂန်ကြီးဌာနမှ ငှားရမ်းခွင့်ရရှိသော မြန်မာ့ထီးစက်ရုံ (လှိုင်စက်ရုံခွဲ)ရှိ စက်ရုံအဆောက်အဦးများ မှာ ၁၉၄၉ ခုနှစ် ပြည်သူ့ပိုင်မပြုလုပ်မီ နှစ် (၇၀)ခန့်က ဆောက်လုပ်ခဲ့ခြင်းကြောင့် အဘက်ဘက်မှ ယိုယွင်းပျက် ဆီးလျှက်ရှိပါသည်။ ထိုအဆောက်အဦးများကို ခွင့်ပြုချက်ရယူဖြိုဖျက်၍ အသစ်ဆောက်လုပ်ပြီး စီးပွားရေးလုပ် ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ လောလောဆယ် အရောင်းပြခန်း၊ အစည်းအဂေးခန်း၊ ဒါရိုက်တာအဖွဲ့၏ ရုံးခန်းအတွဲများနှင့် ဂန်ထမ်းများအတွက် ရုံးခန်းများ Recreation Centre နှင့် သင်တန်းခန်းမ များပါဂင်မည့် ၁၄၀' x ၆၅' အရွယ်အစားအဆောက်အဦးကို (၅) ထပ်အတွက် အုတ်မြစ်ချ၍ လတ်တလောတွင် (၃) ထပ် အဆောက်အဦးတည်ဆောက်မည်ဖြစ်ပါသည်။

(ဆ) ရရှိလာသောအကျိုးကျေးဇူးများ

(၁) ဒေသဖွံ့ဖြိုးတိုးတက်မှုကိုရရှိစေပါမည်။

(၂) နိုင်ငံတော်အတွက်အခွန်ငွေရရှိစေပါမည်။

(၃) အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်စေပါမည်။

(၄) မိသားစု (၁၀၀)ခန့် လူဦးရေ (၅၀၀)ခန့် ကိုအလုပ်အကျွေးပြုနိုင်ပါမည်။

(၅) နိုင်ငံတော်မှချမှတ်ထားသည့်ဆင်းရဲမှုလျှော့ချရေးကိုတစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးပါမည်။

(၆) သွင်းကုန်အစားထိုးလုပ်ငန်းဆောင်ရွက်ခြင်းကြောင့်နိုင်ငံခြားငွေသုံးစွဲခြင်းကိုလျှော့နည်းကျဆင်းစေ ပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

စာအမှတ်၊ ၁၅၀၆(၄)၂၀၁၅/ထွေ-၄/၁၁၀၄

ရက်စွဲ ၊ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

အကြောင်းအရာ။ **အဆောက်အဦဟောင်း(၉)လုံးနှင့် သက်သာဆိုင်ခန်းများအားဖျက်သိမ်းခွင့်ပြုပါရန်ကိစ္စ**

၁။ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီ အစည်းအဝေးအမှတ်စဉ်(၂၃/၂၀၁၄-၂၀၁၅)၏ ဆုံးဖြတ်ချက်အရ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဆပ်ပြာမှုန့်စက်ရုံ(ရန်ကုန်)ရှိ အဆောက်အဦဟောင်း(၃)လုံး၊ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)ရှိ အဆောက်အဦဟောင်း(၆)လုံးနှင့် သက်သာဆိုင်ခန်းများ၊ စုစုပေါင်း(၉)လုံးတို့အား လေလံတင်ဖျက်သိမ်းရောင်းချရန်ခွင့်ပြုခဲ့ပါသည်။

၂။ သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်(၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ ဆပ်ပြာမှုန့်စက်ရုံ(ရန်ကုန်)မှ အဆောက်အဦဟောင်း(၃)လုံးနှင့် လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၁၁၁)၊ ရန်ကုန်-အင်းစိန်လမ်းရှိ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)မှ အဆောက်အဦဟောင်း(၆)လုံးနှင့် သက်သာဆိုင်ခန်းများအား ဖျက်သိမ်းခွင့်ပြုပါရန် ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။

၂၇/၁/၂၀၁၅

ဦးဆောင်ညွှန်ကြားရေးမှူး([signature])

(စိုးဝင်း - ညွှန်ကြားရေးမှူး)

__ဌာနမှူး__

__အင်ဂျင်နီယာဌာန(အဆောက်အအုံ)__

__ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ__

မိတ္တူကို - ညွှန်ကြားရေးမှူး(စီမံရေး)၊ လုပ်ငန်း(ရုံးချုပ်)

ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)၊ လုပ်ငန်း(ရုံးချုပ်)


\\Win7-pc\d\Admin-2\Admin(2).doc

✓ - အုပ်ချုပ်မှုဒါရိုက်တာ
မြတ်မိဘာကုမ္ပဏီလီမိတက်


- စက်ရုံတာဝန်ခံ
ဆပ်ပြာမှုန့်စက်ရုံ(ရန်ကုန်)

မြန်မာ့ထီးစက်ရုံ(လှိုင်)
သိုလှောင်ရုံ(51'x100')

(အရှေ့ဘက်)




(အနောက်ဘက်)



မြန်မာ့ထီးစက်ရုံ (လှိုင်)


သိုလှောင်ရုံ (51'x100')

(ဝဲဘက်)




သိုလှောင်ရုံ (27'x104')

(အရှေ့ဘက်)




မြန်မာ့ထီးစက်ရုံ(လှိုင်)
သိုလှောင်ရုံ (51'x45')

(အနောက်ဘက်)




သိုလှောင်ရုံ (51'x45')
(ယာဘက်)




မြန်မာ့ထီးစက်ရုံ (လှိုင်)
သိုလှောင်ရုံ (27'x104')

(အနောက်ဘက်)




သိုလှောင်ရုံ (51'x45')
(အရှေ့ဘက်)



မြန်မာ့ထီးစက်ရုံ (လှိုင်)


သိုလှောင်ရုံ (62'x32')

(အရှေ့ဘက်)




သိုလှောင်ရုံ (62'x32')


(အနောက်ဘက်)



မြန်မာ့ထီးစက်ရုံ(လှိုင်)
သိုလှောင်ရုံ(၄)လုံးအား အရှေ့ဘက်မှတွေ့ရပုံ




သိုလှောင်ရုံ(၄)လုံးအား အနောက်ဘက်မှတွေ့ရပုံ



မြန်မာ့ထီးစက်ရုံ (လှိုင်)


စားရိပ်သာ(42'x32')

(ဝဲဘက်)




စားရိပ်သာ (42'x32')

(ယာဘက်)




မြန်မာ့ထီးစက်ရုံ (လှိုင်)
စားရိပ်သာ(42'x32')

(အရှေ့ဘက်)




စားရိပ်သာ (42'x32')
(အနောက်ဘက်)



မြန်မာ့ထီးစက်ရုံ(လှိုင်)


အုတ်ရေကန်(13'x11'x8')

(ဝဲဘက်)



အုတ်ရေကန်(13'x11'x8')


(ယာဘက်)



မြန်မာ့ထီးစက်ရုံ (လှိုင်)


လုံခြုံရေးဂိတ်(10'x10')

(အရှေ့ဘက်)



လုံခြုံရေးဂိတ်(10'x10')


(ဝဲဘက်)



မြန်မာ့ထီးစက်ရုံ(လှိုင်)


Transformer အဆောက်အဦး(15'x15'x12')

(အရှေ့ဘက်)




Transformer အဆောက်အဦး(15'x15'x12')

(ယာဘက်)




မြန်မာ့ထီးစက်ရုံ(လှိုင်)
ဆိုင်ခန်းများ(12'x25')-(၄)ခန်း

(အရှေ့ဘက်)




ဆိုင်ခန်းများ(12'x25')-(၄)ခန်း
(အနောက်ဘက်)



မြန်မာ့ထီးစက်ရုံ (လှိုင်)


ဆိုင်ခန်းများ (12'x25')-(၄)ခန်း

(ယာဘက်)




ဆိုင်ခန်းများ (11'x30')-(၃)ခန်း

(အရှေ့ဘက်)




မြန်မာ့ထီးစက်ရုံ(လှိုင်)
ဆိုင်ခန်းများ(11'x30')-(၃)ခန်း

(အနောက်ဘက်)



ဆိုင်ခန်းများ(11'x30')-(၃)ခန်း
(ဝဲဘက်)



မြန်မာ့ထီးစက်ရုံ (လှိုင်စက်ရုံခွဲ) အား BOT စနစ်ဖြင့်နှစ်ရှည်ငှားရမ်းဆောင်ရွက်ရန် အဆိုပြုချက်အပေါ် ရှင်းလင်းတင်ပြခြင်း

မြတ်မိဘာကုမ္ပဏီလီမိတက် (Myat Mi Ba Co., Ltd.)မှရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ စက်မှုဝန်ကြီးဌာနပိုင် မြန်မာ့ထီးစက်ရုံ (လှိုင်စက်ရုံခွဲ) အားနှစ်ရှည်ငှားရမ်းဆောင်ရွက်ရန်ကိစ္စ နှင့် ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါသည်။

(က) ထီးများအား ထုတ်လုပ်ဖြန့်ဖြူးမည့်အခြေအနေနှင့် ပတ်သက်၍တင်ပြချက်။

ကျော်သာကုမ္ပဏီလီမိတက်သည် ယခင်မြန်မာ့ထီးစက်ရုံ(လှိုင်စက်ရုံခွဲ)အား စက်မှုဝန်ကြီးဌာနမှ ကနဦး (၂၀) နှစ် နှင့် သက်တမ်းတိုး (၅)နှစ် (၂)ကြိမ် စုစုပေါင်း (၃၀)နှစ် ငှားရမ်းခွင့်ရရှိခဲ့ပါသည်။ယင်းကုမ္ပဏီအနေဖြင့် ငှားရမ်းပြီးနောက်အကျိုးအမြတ်များရရှိခဲ့ခြင်းမရှိပါ။ ၎င်းနောက် "ကျော်သာကုမ္ပဏီ လီမိတက်" အနေဖြင့် အဆင်မပြေ၍ "မြတ်မိဘာ ကုမ္ပဏီလီမိတက်" အမည်ဖြင့် ကုန်ထုတ်လုပ်မှုကိုစတင်မည်ဖြစ်ပါသည်။ စတင်ငှားရမ်းစဉ်ကပါရှိခဲ့သောကုန်ချောများကိုပြည်တွင်းဈေးကွက်၌ ဖြန့်ဖြူးရောင်း ချမည်ဖြစ်ပါသည်။

စက်ရုံအား (၁၄၀' x ၆၅') ၅ ထပ်အဆောက်အဦးအဖြစ်ခွင့်ပြုချက်ရယူမွန်းမံခြင်းအကြီးစားပြင်ဆင်ခြင်း၊ အစားထိုးဆောင်ရွက်ခြင်း၊ ထပ်တိုးပစ္စည်းများကိုလိုအပ်သလို ဖြည့်တင်းမည်ဖြစ်ပါသည်။ဆောက်လုပ်မည့်အဆောက်အဦးတွင် မြတ်မိဘာကုမ္ပဏီလီမိတက်အုပ်စု၏ မြတ်မိဘာကုမ္ပဏီ network အတွက်ရုံးခန်းတွဲများ၊ ပြခန်းများနှင့် ဆပ်ပြာ ထီး အိမ်သုံးဆေးအမျိုးမျိုးတို့၏ လက်လီလက်ကားဆိုင်ရာလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်သည့်အနေဖြင့်အဆောက်အဦးသစ်များထပ်မံတည်ဆောက်ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) ကုန်ကြမ်းအားရယူမည့်ပုံစံတင်ပြခြင်း။

မြတ်မိဘာ ကုမ္ပဏီလီမိတက်သည်၏ မူလထုတ်ကုန်ပစ္စည်း မတိမ်ကောရေးအတွက် ကုန်ကြမ်းကိုပြည်ပမှဝယ်ယူ၍ဆောင်ရွက်ပါမည်။ ၎င်းအပြင်အခြား ထီးရောင်းဝယ်ရေးဆောင်ရွက်သည့်ကုမ္ပဏီများမှထီးများကိုလည်း လက်ခစားစနစ်ဖြင့်လည်းချုပ်လုပ်မည်ဖြစ်ပါသည်။ ၎င်းအပြင်ယနေ့ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးကွက်မြှင့်တင်မှုဆိုင်ရာကျင့်သုံးသည့် ထီးများကိုလက်ခံထုတ်လုပ်ပေးမည်ဖြစ်ပါသည်။ ကုန်ကြမ်းများကို နောက်ဆက်တွဲ(၅)ဖြင့် ဖော်ပြထားပါသည်။

စက်မှုဝန်ကြီးဌာနမှလွှဲပြောင်းရရှိသောဝန်ထမ်း (၅၂)ဦးကို လည်းကောင်းရာသီချိန်တွင် ထီးချုပ်လုပ်ပါက လိုအပ်မည့် ရာရေပုတ်ပြတ် လုပ်သား (၂၀၀)ခန့်ကိုလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

(ဂ) အလုပ်သမား တစ်ဦးအားလုပ်ခ လစာပေးသည့်ပုံစံနှင့် လုပ်ခနှုန်းထား တင်ပြခြင်း။

စဉ် SR.	ရက်စွဲ DATE	အကြောင်းအရာ PARTICULARS	သွင်းငွေ DEPOSIT		ထုတ်ငွေ WITHDRAWAL		လက်ကျန်ငွေ BALANCE US.$		လက်မှတ်
		B/F					7887	14	MICB
	7-10-14	Comm			2	-	7885	14	MICB
	15-10-14	From Co-operative Bk ltd	26000	-			33885	14	MICB
	20.10.14	RTT14150 7735			30000	-	3885	14	MICB
		comm			38	-	3847	14	MICB
	18.11.14	From Co-Operative Bk	9000	-			12847	14	MICB

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

MYANMA INVESTMENT AND COMMERCIAL BANK

စဉ် SR.	ရက်စွဲ DATE	အကြောင်းအရာ PARTICULARS	သွင်းငွေ DEPOSIT		ထုတ်ငွေ WITHDRAWAL		လက်ကျန်ငွေ BALANCE US.$		လက်မှတ်
	18.11.14	B/F					[illegible]	14	MICB
	21.11.14	RTT14150 8747			1570	-	[illegible]	14	MICB
		comm			25	-	11252	14	MICB
		RTT14150 8845			1889	-	[illegible]	14	MICB
		comm			25	-	9338	14	MICB
	26.11.14	RTT14150 9005			216	-	9122	14	MICB

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
MYANMA INVESTMENT AND COMMERCIAL BANK

စဉ် SR.	ရက်စွဲ DATE	အကြောင်းအရာ PARTICULARS	သွင်းငွေ DEPOSIT		ထုတ်ငွေ WITHDRAWAL		လက်ကျန်ငွေ BALANCE US.$		လက်မှတ်
	18.11.14	B/F					12847	14	
	21.11.14	RTT 14150			1570	-	11277	14	
		8747							
	–	comm.			25	-	11252	14	
	–	RTT 14150			1889	-	9363	14	
		8845							
	–	comm.			25	-	9338	14	
	26.11.14	RTT 14150			216	-	9122	14	
		9005							

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
MYANMA INVESTMENT AND COMMERCIAL BANK

စဉ် SR.	ရက်စွဲ DATE	အကြောင်းအရာ PARTICULARS	သွင်းငွေ DEPOSIT		ထုတ်ငွေ WITHDRAWAL		လက်ကျန်ငွေ BALANCE US.$		လက်မှတ်
	26.11.14	B/F					9122	14	
	–	comm.			25	-	9097	14	
	17.12.14	RTT 141509			1500	-	7597	14	
		816							
	–	comm.			25	-	7572	14	
	11.2.15	From Shwe	20000	-			27572	14	
		Sandar Co Ltd.							
	5.3.15	From Shwe	25000	-			52572	14	
		Sakar Co,							

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

MYANMA INVESTMENT AND COMMERCIAL BANK

စဉ် SR.	ရက်စွဲ DATE	အကြောင်းအရာ PARTICULARS	သွင်းငွေ DEPOSIT		ထုတ်ငွေ WITHDRAWAL		လက်ကျန်ငွေ BALANCE US.$		လက်မှတ်
	5.3.15	B/F					52572	14	
	9.3.15	Po to MOGE			10916	36	41655	78	
	/	comm.			-	97	41,654	81	
	/	Po to MOGE			33761	26	7893	55	
	/	comm.			-	97	7892	58	
	18.6.15	RTT 15160			3500	-	4392	58	
		2622							

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

MYANMA INVESTMENT AND COMMERCIAL BANK

စဉ် SR.	ရက်စွဲ DATE	အကြောင်းအရာ PARTICULARS	သွင်းငွေ DEPOSIT		ထုတ်ငွေ WITHDRAWAL		လက်ကျန်ငွေ BALANCE US.$		လက်မှတ်
	18.6.15	B/F					4392	58	
	/	comm.			25	-	4367	58	
	24.6.15	From Shwe	22000	-			26367	58	
		Sakae Co, Ltd.							
	25.6.15	RTT 15160			14250	-	12117	58	
		2861							
	/	comm.			25	-	12092	58	

A/c No. : CM021100
Name : MYAT MIBA CO;LTD.
Name :
Address : NO.111,INSEIN MAIN ROAD,HLAING T/S.
Address :

In Account With
MYANMA ECONOMIC BANK
Branch (3)
Yangon.

Page (1)

Date	Particular	Debit	Credit	Balance
05/01/2015	Opening Bal;			6,143,637.33
05/06/2015	Tr Dr Q555532	5477900.00		665,737.33
05/18/2015	Cl Cr 25		17000000.00	17,665,737.33
05/22/2015	Cl Cr 1		5500000.00	23,165,737.33
05/25/2015	Cl Dr X555534	27223.00		23,138,514.33
05/27/2015	Tr Dr Q555533	36800.00		23,101,714.33
05/27/2015	Cl Dr X555536	794700.00		22,307,014.33
05/28/2015	Tr Dr X555535	17000000.00		5,307,014.33
05/28/2015	Tr Dr X555537	4412900.00		894,114.33
05/31/2015	Closing Bal;	27749523.00	22500000.00	894,114.33

Unless the Bank is immediately notified of any discrepancy found in the Statement of Account it will be taken that the account has been found to be correct.

-> Debit No.: 6
+> Credit No.: 2
=> Total No.: 8

Assistant Manager

Manager

A/c No. : CM021100
Name : MYAT MIBA CO;LTD.
Name :
Address : NO.111,INSEIN MAIN ROAD,HLAING T/S.
Address :

In Account With
MYANMA ECONOMIC BANK
Branch (3)
Yangon.

Page (1)

Date	Particular	Debit	Credit	Balance
04/01/2015	Opening Bal;			2,947,937.33
04/06/2015	Cl Cr CV		90700000.00	93,647,937.33
04/08/2015	Tr Dr Q555530	12575000.00		81,072,937.33
04/08/2015	Tr Dr Q555528	34681000.00		46,391,937.33
04/08/2015	Tr Dr Q555527	33492000.00		12,899,937.33
04/08/2015	Tr Dr Q555529	9900000.00		2,999,937.33
04/22/2015	Ch Cr 72		1000000.00	3,999,937.33
04/23/2015	Cl Cr 8		3000000.00	6,999,937.33
04/28/2015	Cl Dr Q555531	856300.00		6,143,637.33
04/30/2015	Closing Bal;	91504300.00	94700000.00	6,143,637.33

Unless the Bank is immediately notified of any discrepancy found in the Statement of Account it will be taken that the account has been found to be correct.

-> Debit No.: 5
+> Credit No.: 3
=> Total No.: 8

Assistant Manager

Manager.

A/c No. : CM021100
Name : MYAT MIBA CO;LTD.
Name :
Address : NO.111,INSEIN MAIN ROAD,HLAING T/S.
Address :

In Account With
MYANMA ECONOMIC BANK
Branch (3)
Yangon.

Page (1)

Date	Particular	Debit	Credit	Balance
03/01/2015	Opening Bal;			8,024,177.32
03/05/2015	Tr Dr Q246468	4472900.00		3,551,277.32
03/05/2015	Tr Dr Q246469	2465135.99		1,086,141.33
03/10/2015	Cl Cr 16		45000000.00	46,086,141.33
03/10/2015	Cl Dr Q246467	32554.00		46,053,587.33
03/11/2015	Tr Dr Q246471	12444500.00		33,609,087.33
03/11/2015	Tr Dr Q246470	25000000.00		8,609,087.33
03/13/2015	Tr Dr Q246472	933040.00		7,676,047.33
03/26/2015	Tr Dr Q555526	3792900.00		3,883,147.33
03/26/2015	Cl Dr Q246475	31805.00		3,851,342.33
03/30/2015	Tr Dr Q246473	63480.00		3,787,862.33
03/30/2015	Cl Dr Q246474	839800.00		2,948,062.33
03/31/2015	Tr Dr 48/75	125.00		2,947,937.33
03/31/2015	Closing Bal;	50076239.99	45000000.00	2,947,937.33

Unless the Bank is immediately notified of any discrepancy found in the Statement of Account it will be taken that the account has been found to be correct.

-> Debit No.: 11
+> Credit No.: 1
=> Total No.: 12

Assistant Manager

Manager

မြတ်မိဘ ကုမ္ပဏီလီမိတက်

Myat Miba Co.,Ltd.

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
စက်မှုဝန်ကြီးဌာန
နေပြည်တော်။

စာအမှတ်၊MMBC/ ၂၁၅ / ၂၀၁၄-၂၀၁၅
ရက်စွဲ၊ ၂၀၁၄ခုနှစ်၊ ဩဂုတ် လ ၆ ရက်

အကြောင်းအရာ။ ။ <u>အန္တရာယ်ရှိ အဆောက်အဦးများအား ဖျက်သိမ်းခွင့်ပြုပါရန်နှင့် အစားထိုးအသစ်ပြန်လည်တည်ဆောက်ခွင့်ပြုပါရန်တင်ပြခြင်း။</u>

၁။ ကျွန်တော်များ "မြတ်မိဘကုမ္ပဏီလီမိတက်" သည် စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ မြန်မာ့ထီးစက်ရုံအား (၁.၉.၂၀၁၁)ရက်နေ့တွင်စတင်ငှားရမ်းခဲ့ပြီး (၁၆.၇.၂၀၁၄)ရက်နေ့မှစ၍ သက်တမ်းတိုးမြှင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ရရှိခဲ့ပါသည်။

၂။ အဆိုပါ နှစ်ရှည် ငှားရမ်းခွင့်ရရှိသည့် မြန်မာ့ထီးစက်ရုံ၏ ဆိုင်ခန်းဟောင်းများနှင့် ဂိုဒေါင်အဆောက်အဦးဟောင်းများမှာ မြို့ပြအင်္ဂါရပ်များနှင့်ကိုက်ညီမှုမရှိသည့်အပြင် အန္တရာယ်ရှိအဆောက်အဦးများဖြစ်နေပါသဖြင့် အသုံးပြုရန် မသင့်တော်သည့် အခြေအနေဖြစ်နေပါသည်။ ယခင်ငှားရမ်းခဲ့သော အဆိုပါဆိုင်ခန်းဟောင်းများကိုလည်း အောင်မြင်စွာရှင်းလင်းပြီးဖြစ်ပါသည်၊

၃။ သို့ဖြစ်ပါ၍ အဆိုပါနေရာများ၌ ငှားရမ်းထားသော စက်ရုံများမှ ထွက်ရှိမည့် ကုန်ပစ္စည်းများကိုအဓိထား၍ ပြသရောင်းချမည့် ခေတ်မီ အရောင်းပြခန်းပါသော ရုံးချုပ် အဆောက်အဦးကို အသစ်ပြန်လည်တည်ဆောက်ခွင့်ပြုနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်။

၄။ ကျွန်တော်များကုမ္ပဏီအနေဖြင့် ဌာနမှခွင့်ပြုချက်ရရှိပါက အသစ်ပြန်လည်ဆောက်လုပ်မည့်အဆောက်အဦးများနှင့် ပတ်သက်၍ အသေးစိတ် ဆက်လက်တင်ပြသွားမည်ဖြစ်ပြီး အဆောက်အဦဟောင်းများကိုငှားရမ်းစာချုပ်ပါစာရင်းမှ ဖျက်သိမ်းခွင့်ပြုပါရန်တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

(ဝင်းလွင်)
အုပ်ချုပ်မှုဒါရိုက်တာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

နှင့်

မြတ်မိဘ ကုမ္ပဏီလီမိတက်

တို့

ချုပ်ဆိုသော

မြန်မာ့ထီးစက်ရုံခွဲ (လှိုင်) အား

ငှားရမ်းဆောင်ရွက်သည့် သဘောတူစာချုပ်အပေါ်

သက်တမ်းတိုးမြှင့်လုပ်ကိုင်သည့် ပြင်ဆင်ချက်သဘောတူစာချုပ်

ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

နှင့်


မြတ်မိဘာ ကုမ္ပဏီလီမိတက်


တို့

ချုပ်ဆိုသော

မြန်မာ့ထီးစက်ရုံခွဲ (လှိုင်) အား
ငှားရမ်းဆောင်ရွက်သည့် သဘောတူစာချုပ်အပေါ်
သက်တမ်းတိုးမြှင့်လုပ်ကိုင်သည့် ပြင်ဆင်ချက်သဘောတူစာချုပ်

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဇူလိုင် လ (၁၆) ရက်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

နှင့်

မြတ်မိဘ ကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုထားသော

မြန်မာ့ထီးစက်ရုံခွဲ(လှိုင်) အား ငှားရမ်းသည့် သဘောတူစာချုပ်အပေါ်

ပြင်ဆင်ချက်သဘောတူစာချုပ်


ဤ ပြင်ဆင်ချက် သဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ် ဇူလိုင် လ ၂၈ရက်နေ့တွင် နေပြည်တော်ရှိ ဦးရည်မွန်၊ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော စက္ကူနှင့်အိမ်သုံးပစ္စည်း လုပ်ငန်း(နောင်တွင် "အငှားချထားသူ" ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအား ဆက်ခံသူများနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က တစ်ဖက်နှင့် ဦးဝင်းလွင် အမျိုးသားမှတ်ပုံတင်အမှတ်၊ ၁၂/ဗတထ(နိုင်) ၀၂၈၆၃၉ ကိုယ်စားပြုသော မြတ်မိဘကုမ္ပဏီလီမိတက် အမှတ်(၁၁၁)၊ အင်းစိန်လမ်းမကြီး၊လှိုင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး(နောင်တွင် အငှားချထားခြင်းခံရသူ ဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌၎င်းအားဆက်ခံသူများ တရားဝင် ကိုယ်စားလှယ်များ ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က အခြားတစ်ဖက် တို့သည် အောက်ပါစည်းကမ်းချက်များကို သတ်မှတ်၍ နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုကြပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း အမှတ်(၁၁၁)ရှိ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)၏ မြေ(၂.၃၃၆)ဧကနှင့်စက်ရုံ၊အဆောက်အဦ၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂ၊မော်တော်ယာဉ်များနှင့် အခြားပစ္စည်းများကို(၁၀)နှစ်သက်တမ်း ငှားရမ်း၍ ထီးအမျိုးမျိုး ထုတ်လုပ်ခြင်း ၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် သဘောတူစာချုပ်ကို ၂၀၁၁ခုနှစ်ဩဂုတ်လ (၂၆)ရက်နေ့ တွင်နှစ်ဦးသဘောတူစာချုပ် (နောင်တွင် မူလစာချုပ်ဟု ခေါ်ဆိုမည်ဖြစ်ပါသည်။)ချုပ်ဆို၍လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ခ) ယင်းသို့လုပ်ငန်းဆောင်ရွက်ရာတွင် မူလစာချုပ်၏ သက်တမ်းကို (၁.၉.၂၀၁၁)မှ (၃၁.၈.၂၀၃၁)ထိ (၂၀)နှစ်နှင့် သက်တမ်းတိုးမြှင့်လိုပါက တစ်ကြိမ်လျှင် (၅) နှစ်ဖြင့် နှစ်ကြိမ် သက်တမ်းတိုးမြှင့် ငှားရမ်းလိုခြင်းကြောင့် ဤပြင်ဆင်ချက် သဘောတူ စာချုပ်ကို စာချုပ် ဝင်များအကြား ချုပ်ဆိုခြင်းဖြစ်ပါသည်။

(ဂ) အဆိုပါစာချုပ်ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းမှသဘောတူခဲ့ပြီးစက်မှုဝန်ကြီးဌာန (၂၉.၁၁.၂၀၁၃)ရက်နေ့ကျင်းပသည့် ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၃-၂၀၁၄) ဖြင့် ခွင့်ပြုပြီး ဖြစ်ပါသည်။

<u>ကန့်သတ်</u>





(ဃ) သက်တမ်းတိုးမြှင့်ခြင်းနှင့်ပတ်သက်၍အစိုးရအဖွဲ့မှ ခွင့်ပြုသောမူလငှားရမ်းသက်တမ်း (၅)နှစ်အပါအဝင် (၂၀)နှစ်+(၅)နှစ်+(၅)နှစ် ဖြင့် ငှားရမ်းခွင့်ကို(၆-၂-၂၀၁၄)ရက်နေ့တွင် ကျင်းပပြု လုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဥ် (၃/၂၀၁၄)မှ သဘောတူ ခွင့်ပြုပြီး ဖြစ်ပါသည်။

(င) (၉.၄.၂၀၁၄)နေ့တွင် ကျင်းပပြုလုပ်ခဲ့သော စက်မှုဝန်ကြီးဌာန ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီအစည်းအဝေး အမှတ်စဥ် (၁/၂၀၁၄-၂၀၁၅)၏ ဆုံးဖြတ်ချက်အရ "ကျော်သာကုမ္ပဏီလီမိတက်"အား "မြတ်မိဘကုမ္ပဏီလီမိတက်" အဖြစ် ပြောင်းလဲသုံးစွဲခွင့်ပြုခဲ့ပါသည်။

သို့ပါ၍ စာချုပ်ဝင် နှစ်ဦးနှစ်ဖက်တို့သည် မူလစာချုပ်ကို ပြင်ဆင်သည့် ဤပြင်ဆင်ချက် သဘောတူစာချုပ်ကို အောက်ပါသဘောတူညီချက်များနှင့်အညီ ချုပ်ဆိုရခြင်း ဖြစ်ပါသည် -

၁။ မူလစာချုပ်တွင် မပါဝင်သော ရည်ရွယ်ချက်ခေါင်းစဥ်အဖြစ် အောက်ပါ စာပိုဒ်ဖြင့် ထပ်မံဖြည့်စွက်ရမည်-

ရည်ရွယ်ချက်

၁။ "အငှားချထားသူ" ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း အမှတ် (၁၁၁)ရှိ မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)၏ မြေ(၂.၃၃၆)ဧကနှင့် စက်ရုံ၊ အဆောက်အဦ၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂ၊ မော်တော် ယာဥ်များနှင့် အခြားပစ္စည်းများကို "အငှားချထားခြင်းခံရသူ"မှ ငှားရမ်း၍ ထီးအမျိုးမျိုးထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်၍ ဤစက်ရုံငှားရမ်းသည့် သဘောတူစာချုပ်ကို ချုပ်ဆိုခြင်းဖြစ် ပါသည်။

၂။ မူလစာချုပ်၏ အာမခံခြင်းနှင့် ကိုယ်စားပြုခြင်းခေါင်းစဥ်အောက်ရှိ အပိုဒ်(၁)အား အပိုဒ်(၂)ဟု ပြောင်းလဲပြင်ဆင်ရမည်။

၃။ မူလစာချုပ်၏ အငှားချထားမည့်ပစ္စည်းများ ခေါင်းစဥ်အောက်ရှိ အပိုဒ်(၂)အား အပိုဒ်(၃)ဟု ပြောင်းလဲပြင်ဆင်ရမည်။


၄။ မူလစာချုပ်၏ ငှားရမ်းမည့်အချိန်ကာလ ခေါင်းစဥ်အောက်ရှိ အပိုဒ်(၃)အားပယ်ဖျက်၍ အပိုဒ်(၄)၊ အပိုဒ်(၅)တို့အဖြစ် အောက်ပါစာပိုဒ်များဖြင့် အစားထိုးပြင်ဆင်ရမည်-

ငှားရမ်းမည့်အချိန်ကာလ

၄။ ငှားရမ်းမည့်အချိန်ကာလမှာ (၁.၉.၂၀၁၁)ရက်နေ့မှစ၍ (၂၀+၅+၅)နှစ် ဖြစ်ပါသည်။

၅။ ငှားရမ်းသက်တမ်းထပ်မံ တိုးလိုပါက သက်တမ်းတစ်ကြိမ်လျှင် (၅)နှစ်နှင့် သက်တမ်း နှစ်ကြိမ် တိုးနိုင်သည်။ သက်တမ်းတိုးဆောင်ရွက်ခြင်းကို စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီအစည်းအဝေးသို့ အတည်ပြုချက် တင်ပြဆောင်ရွက်ရမည် ဖြစ်ပါသည်။





၅။ မူလစာချုပ်၏ စာချုပ်သက်တမ်း ခေါင်းစဉ်အောက်ရှိ အပိုဒ်(၄)အားပယ်ဖျက်၍ အပိုဒ်(၆) အဖြစ် အောက်ပါစာပိုဒ်ဖြင့် အစားထိုး ပြင်ဆင်ရမည်-

စာချုပ်သက်တမ်း

၆။ စာချုပ်သက်တမ်းမှာ (၁.၉.၂၀၁၁)ရက်နေ့မှ စ၍ (၃၁.၈.၂၀၃၁)ရက်နေ့အထိ (၂၀) နှစ်ဖြစ်ပါသည်။ စာချုပ်သက်တမ်းတိုးလိုပါက သက်တမ်း တစ်ကြိမ်လျှင် (၅)နှစ်နှင့် သက်တမ်းနှစ်ကြိမ်တိုးနိုင်သည်။

၆။ မူလစာချုပ်တွင်လွှဲပြောင်းပေးမည့် ဝန်ထမ်းများ ခေါင်းစဉ်အား ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းများဟုအစားထိုးပြင်ဆင်ရမည်ဖြစ်ပြီး အဆိုပါ ခေါင်းစဉ်အောက်ရှိ အပိုဒ်(၅) အား ပယ်ဖျက်၍ အပိုဒ်(၇)အဖြစ် အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်း

၇။ ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းအင်အားမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

စဉ်	လစာနှုန်း	လူဦးရေ
(က)	၁၈၀၀၀၀ိ-၂၀၀၀ိ-၁၉၀၀၀၀ိ	၁ ဦး
(ခ)	၁၄၀၀၀၀ိ-၂၀၀၀ိ-၁၅၀၀၀၀ိ	၁ ဦး
(ဂ)	၁၀၅၀၀၀ိ-၁၀၀၀ိ-၁၁၀၀၀၀ိ	၁ ဦး
(ဃ)	၉၉၀၀၀ိ-၁၀၀၀ိ-၁၀၄၀၀၀ိ	၄ ဦး
(င)	၉၃၀၀၀ိ-၁၀၀၀ိ-၉၈၀၀၀ိ	၄ ဦး
(စ)	၈၇၀၀၀ိ-၁၀၀၀ိ-၉၂၀၀၀ိ	၁၄ ဦး
(ဆ)	နေ့စား	၆ ဦး
	စုစုပေါင်း	၃၁ ဦး

၇။ မူလစာချုပ်ပါ ဝန်ထမ်းရေးရာကိစ္စရပ်များ ခေါင်းစဉ်အောက်ရှိ အပိုဒ်(၆)အားပယ်ဖျက်၍ အပိုဒ်(၈) အဖြစ် အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

ဝန်ထမ်းရေးရာကိစ္စရပ်များ

၈။ ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းများနှင့်ပတ်သက်၍ "အငှားချထားခြင်းခံရသူ"မှ အောက်ပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက် ရမည်။

ကန့်သတ်

၈။ မူလစာချုပ်ပါ ဝန်ထမ်းရေးရာကိစ္စရပ်များ ခေါင်းစဉ်အောက်ရှိ အပိုဒ်(၆)၊ အပိုဒ်ခွဲ (က)နှင့် (ည) အားပယ်ဖျက်၍ အပိုဒ်(၈) အပိုဒ်ခွဲ(က)နှင့်(ည)အဖြစ် အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

၈(က)။ စက်ရုံရှိ ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းများ၏ ဝန်ထမ်းလစာများကို နိုင်ငံတော်က သတ်မှတ်ထားသည့် လ၏ နောက်ဆုံးရက် (သို့မဟုတ်)ပိတ်ရက်ဖြစ်ပါက ပိတ်ရက်မတိုင်မီရက်တွင် လစာထုတ်ပေးရမည်။

၈(ည)။ စက်ရုံဝန်ထမ်းအား အငှားချထားသည့်စက်ရုံနှင့် ပတ်သက်သည့်လုပ်ငန်း တာဝန်ကိုသာ ပေးအပ်ရမည်။ အကယ်၍ ဤစက်ရုံ၏ ပြင်ပလုပ်ငန်းနေရာများသို့ ပြောင်းရွှေ့ခြင်းကို "အငှားချထားသူ"၏ သဘောတူညီမှုဖြင့်ဆောင်ရွက်ရမည်။

၉။ မူလစာချုပ်၏ ငှားရမ်းခနှုန်းထား ခေါင်းစဉ်အောက်ရှိ အပိုဒ်(၇)အား အပိုဒ်(၉)ဟု ပြောင်းလဲပြင်ဆင်ရမည်။

၁၀။ မူလစာချုပ်၏ ငှားရမ်းခနှုန်းထား ခေါင်းစဉ်အောက်ရှိ အပိုဒ်(၈)အားပယ်ဖျက်၍ အပိုဒ်(၁၀) အဖြစ် အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

၁၀။ နောင်လာမည့်နှစ်များတွင် ငှားရမ်းခအား (၂)နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်၍ ငှားရမ်းခတန်ဖိုး၏(၂%) မှ (၅%)အတွင်း နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရမည်။

၁၁။ မူလစာချုပ်၏ ငှားရမ်းခပေးချေခြင်း ခေါင်းစဉ်အောက်ရှိ အပိုဒ်(၉)အပိုဒ်(၁၀)တို့အား ပယ်ဖျက်၍ ငှားရမ်းခပေးသွင်းခြင်းခေါင်းစဉ် အပိုဒ်(၁၁)အဖြစ် အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

ငှားရမ်းခပေးသွင်းခြင်း

၁၁။ ယခုစာချုပ်လက်မှတ်ရေးထိုးသည့် နေ့မှစ၍ (၃)လအတွက် ငှားရမ်းခ ကျသင့်ငွေကို (၃)လလျှင်တစ်ကြိမ် ပထမလ၏ (၁၅)ရက်အတွင်းပေးသွင်းရမည်။

၁၂။ မူလစာချုပ်တွင် မပါဝင်သော နောက်ကျကြေးပေးသွင်းခြင်း ခေါင်းစဉ်အား အပိုဒ်(၁၂)အဖြစ် အောက်ပါ စာပိုဒ်ဖြင့် ထပ်မံဖြည့်စွက်ရမည် -

နောက်ကျကြေးပေးသွင်းခြင်း

၁၂။ အငှားချထားခြင်းခံရသူသည် ယခုစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ပထမလ၏ (၁၅)ရက်အတွင်း ပေးသွင်းရမည့် (၃)လအတွက် ငှားရမ်းခအား ပျက်ကွက်ပါက နောက်ကျကြေးအဖြစ် တစ်လနောက်ကျတိုင်း (၃)လအတွက် ပေးသွင်းရမည့် ငွေ၏ (၀.၅%) (သုညဒသမငါးရာခိုင်နှုန်း)ကို ဒဏ်ကြေးအဖြစ် သတ်မှတ်၍ နောက်ကျသည့်ရက်များ အတွက်တွက်ချက်ပေးဆောင်ရမည်။

၁၃။, မူလစာချုပ်၏ "အငှားချထားခြင်းခံရသူ"၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၁) နှင့် အပိုဒ်ခွဲများအား ပယ်ဖျက်၍ အပိုဒ်(၁၃)နှင့်အပိုဒ်ခွဲများအဖြစ် အောက်ပါစာပိုဒ်များဖြင့် အစားထိုး ပြင်ဆင်ရမည်-

အငှားချထားခြင်းခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ အငှားချထားခြင်းခံရသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြေ၊ အဆောက်အဦ၊ စက်ပစ္စည်းကရိယာများ၊ ရုံးသုံးပစ္စည်းများ၊ ရုံးသုံးကိရိယာများ၊ အခြားပရိဘောဂများ ၊ မော်တော်ယာဥ်များနှင့်ပတ်သက်၍ နောက်ဆက်တွဲပါအတိုင်း အသုံးပြုနိုင်သည်။

(ခ) အကယ်၍ အသုံးပြုလိုခြင်းမရှိသော စက်ပစ္စည်းကိရိယာများ ရုံးသုံးပစ္စည်းများနှင့်အခြား ပရိဘောဂများရှိပါက အငှားချထားသူသို့ ညှိနှိုင်း၍ စနစ်တကျလွှဲပြောင်းပေးနိုင်သည်။

(ဂ) "အငှားချထားခြင်းခံရသူ"၏ လုပ်ငန်းနှင့်မကိုက်ညီသော မူလ အဆောက်အဦကို ပြုပြင်ရန်(သို့)ဖြိုဖျက်ရန်အလို့ငှာ "အငှားချထားသူ" ၏ သဘောတူခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်သည်။

(ဃ) "အငှားချထားခြင်းခံရသူ"သည် လုပ်ငန်းတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ မွမ်းမံခြင်း၊ အဆောက်အဦ ဆောက်လုပ်ခြင်းများကို "အငှားချထားသူ" ၏ သဘောတူ ခွင့်ပြုချက် ရရှိမှသာ ဆောင် ရွက်နိုင်သည်။

(င) စက်ရုံရှိ စာချုပ်ပါငှားရမ်းသည့် စက်ပစ္စည်း၊ အဆောက်အဦများ နှင့် ပတ်သက်၍ ပြုပြင်ထိန်းသိမ်းမှုများကို "**အငှားချထားခြင်းခံရသူ**" မှ တာဝန်ယူဆောင် ရွက်ရမည်။

(စ) "အငှားချထားခြင်းခံရသူ"သည်ငှားရမ်းခငွေများကို ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်နှင့်အညီ သတ်မှတ်ထားသည့် အချိန်အတွင်း "အငှားချထားသူ"ထံ မှန်မှန်ကန်ကန် ပေးသွင်းရမည်။

(ဆ) စက်ရုံအား စတင်ငှားရမ်းသည့်အချိန်ရှိ စက်ရုံနှင့် ပတ်သက်သည့်ဌာနအလိုက် စာရွက်စာတမ်းများ ၊ စာရင်းများကို စာရင်းစစ် အစစ်ဆေးခံနိုင်ရန်နှင့် အခြားလိုအပ်သည်များ ဆောင်ရွက်နိုင်ရန် အငှားချထားသူအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ခွင့်ပြုရမည်ဖြစ်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရမည်။

(ဇ) အငှားချထားသည့်ပစ္စည်းအားလုံးကို လျော်ကန်သင့်မြတ်သော သတိပီရိယဖြင့် ကောင်းမွန်စွာ ထိန်းသိမ်းထားရမည်။ လျှပ်စစ်ဓါတ်အားသုံးစွဲမှုကို တည်ဆဲဥပဒေ စည်းမျဉ်းများနှင့်အညီ သုံးစွဲပြီးမီးဘေးကာကွယ်ရေး အစီအမံများ လုံလောက်စွာ ထားရှိရမည်။

(ဈ) အငှားချထားသည့် ပစ္စည်းများကို တစ်ဆင့်ငှားရမ်းခြင်း ၊ ပေါင်နှံခြင်း ၊ ရောင်းချခြင်း (သို့မဟုတ်) တစ်နည်းနည်းဖြင့်လွှဲပြောင်းပေးခြင်း စသည်တို့ လုံးဝမပြုလုပ်ရ။

(ည) "အငှားချထားခြင်းခံရသူ"သည် အငှားချထားသည့်ကာလအတွင်း အငှားချထားသူ မှလည်းကောင်း၊ အငှားချထားသူက နည်းလမ်းတကျ လုပ်ပိုင်ခွင့်ပေးထားသော ကိုယ်စားလှယ်များကိုလည်းကောင်း လိုအပ်ပါက ဝင်ရောက်လေ့လာခြင်း စစ်ဆေး ခြင်းများ ဆောင်ရွက်ခြင်း ရှိပါက ခွင့်ပြုရမည်။

(ဋ) အငှားချထားသည့် ပစ္စည်းများနှင့် ပတ်သက်၍ မြေခွန်မှအပ သက်ဆိုင်သည့် အခွန်အခ အမျိုးမျိုးကို ကျခံပေးဆောင်ရမည်။

(ဌ) အငှားချထားသည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ အလုံးစုံသောအာမခံကို မြန်မာ့အာမခံ လုပ်ငန်း ဥပဒေပါပြဋ္ဌာန်းချက်နှင့် အညီမပျက်မကွက် ထားရှိဆောင်ရွက် ရမည်။

(ဍ) ဤသဘောတူစာချုပ် သက်တမ်းကုန်သည့်အခါ အငှားချထားသည့်စက်ရုံကို မူလ ငှားရမ်းစဉ်က အခြေအနေထက်မလျော့ဘဲ ထိန်းသိမ်းထားရမည်။ သို့ရာတွင် အကျိုးအကြောင်း ဆီလျော်မှုရှိသော ပျက်စီးမှုများ အတွက်ပြောင်းလဲမှုများကို ခွင့်ပြု လက်ခံနိုင်သည်။

(ဎ) အငှားချထားသည့်စက်ရုံတွင်တပ်ဆင်မှုများ၊ ပုံစံပြောင်းလဲမှုနှင့် တိုးချဲ့မှုများ အား လုံးသည်ငှားရမ်းခြင်း စာချုပ်သက်တမ်း ကုန်ဆုံးသည့်အချိန်တွင် အခကြေးငွေ ပေးရန်မလိုဘဲ"**အငှားချထားသူ**"ပိုင်ပစ္စည်းများ အလိုအလျောက် ဖြစ်လာရမည်။ အကယ်၍ မိမိ တပ်ဆင်ထားသောပစ္စည်းအား အငှားချထားသည့်အဆောက်အဦ လွှဲပြောင်းချိန်တွင် ပြန်လည်ဖြုတ်ယူသွားလိုပါက ယင်းပစ္စည်းများအား တပ်ဆင် ခြင်းမပြုမီ ကတည်းက နှစ်ဖက်ညှိနှိုင်းအတည်ပြုချက်ရယူထားရမည်။ သို့ရာတွင် လေအေးပေးစက်များ၊ လျှပ်စစ်ထုတ်စက်များနှင့် အခြားရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကိုမူ ထားခဲ့ရန်မလိုဘဲ ဖြုတ်ယူ သွားနိုင်သည်။

(ဏ) စက်ရုံမှ ထုတ်ကုန်များအား ပြင်ပ ဈေးကွက်တွင် မိမိကြိုက်နှစ်သက်သည့် ဈေးနှုန်းဖြင့် လွတ်လပ်စွာ ရောင်းချခွင့်၊ သိုလှောင်ခွင့်၊ သယ်ယူ ခွင့်ရှိသည်။

(တ) **"အငှားချထားခြင်းခံရသူ"** သည် တရားဥပဒေနှင့်မညီညွတ်သော လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်ခြင်း မပြုရ။

(ထ) **"အငှားချထားခြင်းခံရသူ"** သည် မူလလုပ်ငန်းအပြင် နိုင်ငံတော်မှ ခွင့်ပြုထားသော အခြား လုပ်ငန်းများအားလုပ်ကိုင်ဆောင်ရွက်လိုပါက "အငှားချထားသူ" ၏ သဘောတူခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်နိုင်သည်။

(ဒ) **"အငှားချထားခြင်းခံရသူ"**မှ ဆောင်ရွက်မည့်လုပ်ငန်းအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် အထောက်အထားများထားရှိပြီး **"အငှားချထားသူ"** ထံ မိတ္တူတစ်စုံ အပ်နှံထားရမည်။

(ဓ) အငှားချထားသည့်ပစ္စည်းရပ်များတွင် **"အငှားချထားသူ"**၏ (နေ့စား၊ လခစား) ဝန်ထမ်းများ အနက်၎င်းတို့၏ဆန္ဒအလျောက်**"အငှားချထားခြင်းခံရသူ"** (ကုမ္ပဏီ)သို့ လိုက်ပါမည့် ဝန်ထမ်းများကို **"အငှားချထားခြင်းခံရသူ"**(ကုမ္ပဏီ)သည် အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်းဥပဒေနှင့်အညီ ကုမ္ပဏီ၏ စီမံခန့်ခွဲမှု (ကုမ္ပဏီဝန်ထမ်းအဖြစ်) ဖြင့် လွှဲပြောင်း လက်ခံ ဆောင်ရွက်ရမည်။

(န) **"အငှားချထားခြင်းခံရသူ"**သည် လုပ်ငန်းများကို တိုးချဲ့ရာတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် အကျိုးတူဖက်စပ်လုပ်ကိုင်ရန် လိုအပ်ပါက **"အငှားချထားသူ"** ၏ သဘောတူခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်နိုင် သည်။

(ပ) **"အငှားချထားခြင်းခံရသူ"** သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေသတ် မှတ်ချက်များကိုလိုက်နာဆောင်ရွက်ရမည်။

(ဖ) **"အငှားချထားခြင်းခံရသူ"** သည် ပတ်ဝန်းကျင်အနှောက်အယှက် အန္တရာယ်ဖြစ်စေမည့် အကြောင်းအချက်များကို ကြိုတင်ကာကွယ်တားဆီး၍ ဖြစ်ပွားပါက ပြီးဆုံးသည့်တိုင်အောင် တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည်။

(ဗ) နိုင်ငံတော်မှသတ်မှတ်ထားသော သက်ဆိုင်ရာဥပဒေများ၊ ဒေသဆိုင်ရာ လူမှုဘဝကိစ္စရပ် များနှင့်ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **"အငှားချထားခြင်းခံရသူ"** မှ တာဝန်ယူ ဖြေရှင်းရမည်။

(ဘ) "အငှားချထားခြင်းခံရသူ"သည် မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေပုဒ်မ ၂၉(ဂ) အရ ကျသင့်သည့်တံဆိပ်ခေါင်း ခွန်ထမ်းဆောင်ရမည်။

(မ) "အငှားချထားသူ"၏ ခွင့်ပြုချက်ဖြင့် လျှပ်စစ်သွယ်တန်းခြင်း၊ အပိစိတွင်းတူးခြင်း၊ ရေပိုက်သွယ်တန်းခြင်း၊တယ်လီဖုန်းဆက်သွယ်ခြင်းကို မိမိစရိတ်ဖြင့် ဆောင်ရွက်နိုင်သည်။ စာချုပ်သက်တမ်းကုန်ဆုံးပါက (သို့မဟုတ်) စာချုပ် ရပ်စဲခြင်း ဖြစ်ပါက အဆောက်အဦခိုင်ခန့်မှုကို မထိခိုက်စေဘဲ အလွယ်တကူ ဖြုတ်ယူနိုင်သည့် အဆိုပါ ပစ္စည်းများကို ပြန်လည်ဖြုတ်ယူခြင်း၊ ဖြုတ်တောက်ခြင်းများကို "အငှားချထားသူ"ထံ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ခွင့်ရှိသည်။

(ယ) အငှားချထားသည့် စက်ရုံတွင် တပ်ဆင်မှုများ၊ ပုံစံပြောင်းလဲမှုများ၊ စက်ပစ္စည်း အသစ်ဖြည့်စွက်တပ်ဆင်မှုများနှင့် တိုးချဲ့ဆောက်လုပ်မှုများအား စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)သို့ ခွင့်ပြုချက်တောင်းခံ၍ ဆောင်ရွက်သွားနိုင်ပြီး စက်ရုံ ပြန်လည် လွှဲပြောင်းပေးချိန်တွင် တပ်ဆင်ထားသော စက်ပစ္စည်းများနှင့် တိုးချဲ့အဆောက်အဦများ အား နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၄။ မူလစာချုပ်ပါ "အငှားချထားသူ"၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၂) နှင့် အပိုဒ်ခွဲများအား ပယ်ဖျက်၍ အပိုဒ်(၁၄)နှင့်အပိုဒ်ခွဲများအဖြစ် အောက်ပါစာပိုဒ်များဖြင့် အစားထိုးပြင်ဆင်ရမည်-

အငှားချထားသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၄။ အငှားချထားသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) "**အငှားချထားခြင်းခံရသူ**"အား နောက်ဆက်တွဲများပါ အငှားချထားသည့်ပစ္စည်းများကို အသုံးပြုခွင့်ပေးရ မည်။

(ခ) စက်ရုံတွင် တပ်ဆင်ထားပြီးသော လျှပ်စစ် ၊ ရေ၊ တယ်လီဖုန်းတို့ကို "**အငှားချထားခြင်းခံရသူ**" အား ဆက်လက်အသုံးပြုခွင့်ပြုရမည်။

(ဂ) ငှားချထားသည့်စက်ရုံ၏အခြေအနေများကို နည်းလမ်းတကျလုပ်ပိုင်ခွင့်ပေးအပ်သော ကိုယ်စားလှယ်များ လိုအပ်ပါကစေလွှတ်၍ စစ်ဆေးပိုင်ခွင့်ရှိသည်။

(ဃ) စက်ရုံအတွက်ကျသင့်သည့် မြေခွန်ကို ပေးဆောင်ရမည်။

(င) "အငှားချထားခြင်းခံရသူ"မှ အသုံးပြုလိုခြင်း မရှိကြောင်း ညှိနှိုင်း တင်ပြလာသည့် စက်ပစ္စည်းကိရိယာများကို စက်မှုဝန်ကြီးဌာနသို့တင်ပြ၍ လိုအပ်သလိုစီမံခန့်ခွဲခွင့်ရှိသည်။

(စ) "အငှားချထားခြင်းခံရသူ" ၏ လုပ်ငန်းနှင့်မကိုက်ညီကြောင်း ညှိနှိုင်းတင်ပြလာသည့် မူလအဆောက်အဦကိုရှင်းလင်းရန် စက်မှု ဝန်ကြီးဌာနသို့တင်ပြ၍ စီမံဆောင်ရွက်ခွင့်ရှိသည်။

(ဆ) စက်ရုံအား စတင်ငှားရမ်းသည့်အချိန်ရှိ စက်ရုံနှင့် ပတ်သက်သည့်ဌာနအလိုက် စာရွက်စာတမ်းများ၊ စာရင်းများကို စာရင်းစစ် အစစ်ဆေးခံနိုင်ရန်နှင့် အခြားလိုအပ်သည်များ ဆောင်ရွက်နိုင်ရန် "အငှားချထားခြင်းခံရသူ"နှင့်ညှိနှိုင်း၍ စနစ်တကျ ထိန်းသိမ်းထား ရှိရမည်။

(ဇ) စက်ရုံရှိ (နေ့စား/လခစား)ဝန်ထမ်းများအနက် "အငှားချထားခြင်းခံရသူ" (ကုမ္ပဏီ)သို့ လိုက်မည့် ဝန်ထမ်းများကို အထူးပင်စင်ခံစားခွင့်ပြု၍ ကုမ္ပဏီဝန်ထမ်းအဖြစ် အပြီးအပြတ် လွှဲပြောင်းခွင့်ရှိသည်။

(ဈ) အငှားချထားသည့် စက်ရုံဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ "အငှားချထားခြင်းခံရသူ"၏ အခက်အခဲများကို သက်ဆိုင်ရာဌာနများသို့ "အငှားချထားခြင်းခံရသူ" တို့နှင့် ညှိနှိုင်း၍တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရမည်။

(ည) "အငှားချထားသူ"သည် နိုင်ငံတော်၏မူဝါဒနှင့်အညီ ငှားရမ်းသည့် သဘောတူစာချုပ်ကို ပြင်ဆင်ချုပ်ဆိုခွင့်ရှိသည်။

၁၅။ မူလစာချုပ်တွင် မပါဝင်သော ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း ခေါင်းစဉ်အား အပိုဒ်(၁၅) အဖြစ် အောက်ပါ စာပိုဒ်ဖြင့် ထပ်မံဖြည့်စွက်ရမည် -

ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

၁၅။ **"အငှားချထားခြင်းခံရသူ"** အနေဖြင့် လုပ်ငန်းလုပ်ဆောင်မည့် နေရာဒေသ၏ ပတ်ဝန်းကျင်နေရာများအား ကောင်းစွာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားရန် တာဝန်ရှိသည်။ ထို့အပြင် လေထု ၊ ရေထု နှင့် မြေထုများ ညစ်ညမ်းခြင်းနှင့် အခြားသော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းအား ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည် ။ ရေများသန့်စင်နိုင်သော စက်များ တပ်ဆင် ပေးခြင်း ၊ လေထုညစ်ညမ်းမှုများ မဖြစ်ပေါ်စေရန် အခိုးအငွေ့နှင့် အညစ်အကြေးစွန့် အစိတ်အပိုင်းများကို လုံခြုံစွာ ထားရှိပေးခြင်းဖြင့် အခြားသော ပတ်ဝန်းကျင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လိုအပ်သော အကာအကွယ် အစီအစဉ်များ ဆောင်ရွက်ရမည် ။

၁၆။ မူလစာချုပ်တွင် မပါဝင်သော ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ ခေါင်းစဥ်အား အပိုဒ်(၁၆) အဖြစ် အောက်ပါ စာပိုဒ်ဖြင့် ထပ်မံဖြည့်စွက်ရမည် -

ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ

၁၆။ ဤသဘောတူစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်ငန်းအကောင်အထည် ဖေါ်ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သက်ဆိုင်ရာ အစိုးရဌာန ၊အာဏာ ပိုင်အဖွဲ့အစည်းများထံမှ ရယူရန်လိုအပ်သော အတည်ပြုချက်များ ၊ ခွင့်ပြုမိန့်များရရှိပြီးမှသာလုပ်ငန်း အကောင်အထည်ဖေါ် ဆောင်ရွက်ရန် သတ်မှတ်ပါသည်။

၁၇။ မူလစာချုပ်တွင် မပါဝင်သော အာမခံထားရှိခြင်း ခေါင်းစဥ်အား အပိုဒ်(၁၇)အဖြစ် အောက်ပါ စာပိုဒ်ဖြင့် ထပ်မံ ဖြည့်စွက်ရမည် -

အာမခံထားရှိခြင်း

၁၇။ အငှားချထားခြင်းခံရသူသည် တစ်နှစ်ငှားရမ်းခ၏ ၁၀%နှင့်ညီမျှသော တန်ဖိုးအား လုပ်ငန်း ဆောင်ရွက်မှုအာမခံ (Performance Bank Guarantee)အဖြစ် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) တွင်အပ်နှံထားရှိ၍ ထားရှိမှုမှတ်တမ်းကို စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းတွင် သိမ်းဆည်းထားရှိရမည်။

၁၈။ မူလစာချုပ်တွင် မပါဝင်သော စာချုပ်ပြန်လည်ညှိနှိုင်းခြင်း ခေါင်းစဥ်အား အပိုဒ်(၁၈)အဖြစ် အောက်ပါ စာပိုဒ်ဖြင့် ထပ်မံ ဖြည့်စွက်ရမည် -

စာချုပ်ပြန်လည်ညှိနှိုင်းခြင်း

၁၈။ စာချုပ်ပါစည်းကမ်းချက်များနှင့် အညီလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာ တွင် လုပ်ငန်းလိုအပ်ချက်အရ သို့မဟုတ် ဤစာချုပ်တွင် မပါရှိသည့်ကိစ္စရပ်များ ပေါ်ပေါက်လာလျှင် စာချုပ်ဝင် နှစ်ဦးနှစ်ဖက်ညှိနှိုင်းခွင့်ရှိစေရမည်။

၁၉။ မူလစာချုပ်၏ စာချုပ်သက်တမ်းတိုးခြင်း ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁၃)အား အပိုဒ်(၁၉) ဟု ပြောင်းလဲပြင်ဆင်ရမည်။

၂၀။ မူလစာချုပ်၏ အငြင်းပွားမှုဖြေရှင်းခြင်း ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁၄)အား အပိုဒ်(၂၀)ဟု ပြောင်းလဲ ပြင်ဆင်ရမည်။

၂၁။ မူလစာချုပ်၏ သယံဇာတပစ္စည်းဆိုင်ရာကိစ္စ ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁၅)အား အပိုဒ် (၂၁) ဟု ပြောင်းလဲပြင်ဆင်ရမည်။

၂၂။ မူလစာချုပ်၏ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁၆)အား ပယ်ဖျက်၍ အပိုဒ် (၂၂) အဖြစ် အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည် -

ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း

၂၂။ **"အငှားချထားခြင်းခံရသူ"**သည် ဤသဘောတူစာချုပ်ပါငှားရမ်းခြင်းကာလကုန်ဆုံးသည့်အခါ ယင်းသို့ကုန်ဆုံးသည့်နေ့မှ(၃၀)ရက်အတွင်း အငှားချထားသည့် စက်ရုံမြေ၊ အဆောက်အဦနှင့် စက်ကိရိယာ များကို**"အငှားချထားသူ"** သို့ အဖိုးစားနားမပါဘဲ ကောင်းမွန်သော အနေအထားဖြင့် ပြန်လည်လွှဲပြောင်း ပေးအပ်ရမည်။သို့ရာတွင် သတ်မှတ်ကာလအတွင်း လွှဲပြောင်းခြင်းကိစ္စရပ်အား မပြီးစီးပါကခိုင်လုံသော အကြောင်းပြချက်ဖော်ပြ၍စာဖြင့်(၇)ရက်ကြိုတင်တင်ပြတောင်းခံညှိနှိုင်းဆောင်ရွက်ရမည်။

၂၃။ မူလစာချုပ်၏ မလွန်ဆန်နိုင်သောဖြစ်ရပ်များ ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁၇)အား အပိုဒ် (၂၃)၊ အပိုဒ်(၁၈)အား ပယ်ဖျက်၍ အပိုဒ်(၂၄) အဖြစ် အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

၂၄။ ထိုသို့ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ ပေါ်ပေါက်ပါက ယင်းဖြစ်ရပ် ဖြစ်ပေါ်သည့်အချိန်မှ ၁၄(တစ်ဆယ့်လေး)ရက်အတွင်း "အငှားချထားခြင်းခံရသူ"သည် "အငှားချထားသူ"သို့ ချက်ချင်း စာဖြင့် ရေးသား အကြောင်းကြားရမည်။"အငှားချထားသူ"က လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်ပြီး စက်ရုံ၊မြေ၊အဆောက်အဦနှင့် စက်ပစ္စည်းများ ငှားရမ်းအသုံးပြုခွင့်နှင့် တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက်ကာလ အပိုင်းအခြားအတွက် ငှားရမ်းခကို သက်သာခွင့်ပြုနိုင်သည်။

၂၄။ မူလစာချုပ်၏ စာချုပ်အတည်ဖြစ်ခြင်း ခေါင်းစဥ်အောက်ရှိ အပိုဒ်(၁၉)အား အပိုဒ် (၂၅)ဟု ပြောင်းလဲပြင်ဆင်ရမည်။

၂၅။ မူလစာချုပ်၏ စာချုပ်ပြင်ဆင်ခြင်း ခေါင်းစဥ်အောက်ရှိ အပိုဒ်(၂၀)အပိုဒ်(၂၁)တို့ကို ပယ်ဖျက်၍ အပိုဒ် (၂၆)အပိုဒ်(၂၇) အဖြစ် အောက်ပါစာပိုဒ်များဖြင့် အစားထိုးပြင်ဆင်ရမည် -

စာချုပ်ပြင်ဆင်ခြင်း

၂၆။ ဤသဘောတူစာချုပ်ပါ စည်းကမ်းများကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ထပ်မံဖြည့်စွက်ခြင်းပြုလုပ်လိုပါက "အငှားချထားသူ"နှင့် "အငှားချထားခြင်းခံရသူ"တို့၏ နှစ်ဦးနှစ်ဖက်တရားဝင်စာဖြင့် သဘောတူညီချက်နှင့် **စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့်ဘဏ္ဍာရေးဆိုင်ရာကော်မတီအစည်းအဝေး**သို့ တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်နိုင်သည်။

၂၇။ "အငှားချထားခြင်းခံရသူ"မှ စက်ရုံငှားရမ်းရာတွင် စီးပွားရေးအရ တွက်ခြေကိုက်မှု မရှိခြင်း၊ အခြားသောအဆင်မပြေမှုများ ရှိခြင်းကြောင့် နှစ်ဦးနှစ်ဖက်ပြန်လည်ညှိနှိုင်းဆွေးနွေးရန် (၃)လကြိုတင်အကြောင်းကြားရမည်။ သို့ရာတွင် ယင်းဆွေးနွေးသည့် အချိန်ကာလမှစ၍ နောင်ထပ်မံငှားရမ်းသူ ရရှိသည့်အချိန်ကာလအထိ လက်ရှိငှားရမ်းခွင့်ရရှိသူမှ စက်ရုံနှင့်ပတ်သက်သည့် စက်ရုံငှားရမ်းခ၊ ဝန်ထမ်းလစာနှင့်စရိတ်များ၊ ပင်စင်ထည့်ဝင်ကြေးများ၊ အခြားစရိတ်များအားလုံးကို ကျခံဆောင်ရွက်ပေးရမည်။

၂၆။ မူလစာချုပ်၏ စာချုပ်ရုပ်စဲခြင်း ခေါင်းစဉ်အောက်ရှိ အပိုဒ်(၂၂)အား အပိုဒ်(၂၈)ဟု ပြောင်းလဲပြင်ဆင်ရမည်။ အဆိုပါ အပိုဒ်(၂၈)တွင် ပုဒ်မခွဲ(စ)အဖြစ် အောက်ပါ အပိုဒ်ခွဲအား ထပ်မံ ဖြည့်စွက်လိုက်သည် -

၂၈(စ)။ နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို "အငှားချထားခြင်းခံရသူ"မှ ဖောက်ဖျက်ကျူးလွန်ခြင်း၊

၂၇။ မူလစာချုပ်၏ စာချုပ်ရုပ်စဲခြင်း ခေါင်းစဉ်အောက်ရှိ အပိုဒ်(၂၃)အား ပယ်ဖျက်၍ အပိုဒ်(၂၉)အဖြစ် အောက်ပါစာပိုဒ်ဖြင့် အစားထိုး ပြင်ဆင်ရမည်-

၂၉။ စာချုပ်ရုပ်စဲခြင်းသည် စာချုပ်ဝင် နှစ်ဦးနှစ်ဖက်မှ စာချုပ်ပါ တာဝန်ရှိမှုများအား အကြေအလည်ညှိနှိုင်း၍ ပြီးပြတ်ရှင်းလင်းပြီးမှသာ ရုပ်စဲခြင်း ပြီးမြောက်ရမည်။ ယင်းသို့ရှင်းလင်းပြီးပါက စာချုပ်ပါ ငှားရမ်းထားသော ပစ္စည်းများအားလုံးကို "အငှားချထားသူ"၏ ပိုင်ဆိုင်မှုသို့ လက်ဝယ်ပြန်လည် အပ်နှံရောက်ရှိစေရမည်။

၂၈။ မူလစာချုပ်၏ ပြန်လည်ဝင်ရောက်ပိုင်ခွင့် ခေါင်းစဉ်အောက်ရှိ အပိုဒ်(၂၄)၊(၂၅)(၂၆)အား အပိုဒ်(၃၀)၊(၃၁)(၃၂)ဟု ပြောင်းလဲပြင်ဆင်ရမည်။

၂၉။ မူလစာချုပ်တွင် အပိုဒ်(၃၃)(၃၄)(၃၅)(၃၆)(၃၇)(၃၈)အဖြစ် အောက်ပါ စာပိုဒ်များဖြင့် ထပ်မံ ဖြည့် စွက်ရမည် -

၃၃။ ဤပြင်ဆင်ချက် သဘောတူစာချုပ်သည် ၂၀၁၄ ခုနှစ် လ ရက် နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

၃၄။ ဤပြင်ဆင်ချက် သဘောတူစာချုပ်ပါ စည်းကမ်းချက်များမှအပ မူလစာချုပ်ပါ ကျန်စည်းကမ်းချက်များမှာ ပြောင်းလဲမှု မရှိဘဲ ဆက်လက်၍ အကျိုး သက်ရောက်မှု ရှိစေရမည်။

၃၅။ ဤပြင်ဆင်ချက် သဘောတူစာချုပ်တွင် ပါရှိသော နောက်ဆက်တွဲများသ
မူလစာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

၃၆။ ဤစာချုပ်သည် နိုင်ငံတော်မူဝါဒအရ ပြင်ဆင်ရန် လိုအပ်ပါက နှစ်ဦးနှစ်ဖက်
ညှိနှိုင်း၍ ပြင်ဆင်ချုပ်ဆိုနိုင်သည်။

၃၇။ ဤပြင်ဆင်ချက်သဘောတူစာချုပ်သည် မူလစာချုပ်၏ တစ်စိတ်တစ်ဒေသ ဖြ
သည်။

၃၈။ ဤပြင်ဆင်ချက် သဘောတူစာချုပ်အား ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် "အငှ
ချထားသူ"နှင့် "အငှားချထားခြင်းခံရသူ"တို့ အောက်ပါအသိသက်သေများ
မှောက်တွင် သဘောတူလက်မှတ်ရေးထိုးကြပါသည်။

အငှားချထားသူ(ကိုယ်စား)	အငှားချထားခြင်းခံရသူ(ကိုယ်စား)
ဦးရည်မွန်	ဦးဝင်းလွင်
ဦးဆောင်ညွှန်ကြားရေးမှူး	အုပ်ချုပ်မှုဒါရိုက်တာ၊
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း	ကျော်သာကုမ္ပဏီလီမိတက်

အသိသက်သေ

ဒေါက်တာစိုးနိုင် ညွှန်ကြားရေးမှူး စီမံရေးဌာန	ဦးဝင်းမောင် ဒါရိုက်တာ ၉/မခန(နိုင်)၁၁၉၇၄၇ အမှတ်(၉၈)၊လမ်း(၅၀) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့။
ဦးသန်းထွန်း ညွှန်ကြားရေးမှူး ထုတ်လုပ်ရေးဌာန	ဒေါ်ဥမ္မာမြင့် ဒါရိုက်တာ ၁၂/ပဇတ(နိုင်)၀၀၇၉၀၉ အမှတ်(၉၈)၊လမ်း(၅၀) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဒေါ်ခင်မြင့်သီ ညွှန်ကြားရေးမှူး ဘဏ္ဍာရေးဌာန	

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
မြန်မာ့ဗိမ်သုံးပစ္စည်းလုပ်ငန်း

စာအမှတ်၊ ၇၀၄ / ၁၅၀၈ /စ-၄၄
ရက်စွဲ၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်

အကြောင်းအရာ။ မြန်မာ့ထီးစက်ရုံ အား စာချုပ်သက်တမ်း ပြင်ဆင်ငှားရမ်း ခွင့်ပြုခြင်း

၁။ မြန်မာ့ဗိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ မြန်မာ့ထီးစက်ရုံအား ကျော်သာကုမ္ပဏီလီမိတက်သို့ ငှားရမ်းသက်တမ်း (၅)နှစ်မှ(၁၀)နှစ်အထိ ထပ်မံ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုကြောင်း ၁၆. ၁၂. ၂၀၁၁ ရက်နေ့တွင် ကျင်းပသော စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ၏ (၄/ ၂၀၁၁- ၂၀၁၂)ကြိမ်မြောက် အစည်းအဝေးတွင် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြန်လည်ပြင်ဆင်ချုပ်ဆိုမည့် စာချုပ်အား အတည်ပြုပေးပါရန်နှင့် စာချုပ်နမူနာအား ပူးတွဲပေးပို့အပ်ပါသည်။

19.12.11

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)
(မင်းအောင် ၊ အထွေထွေမန်နေဂျာ)

ဦးဂင်းဗွင်
အုပ်ချုပ်မှုဒါရိုက်တာ
ကျော်သာကုမ္ပဏီလီမိတက်

မိတ္တူကို-
- စက်ရုံမှူး၊ မြန်မာ့ထီးစက်ရုံ
- ရုံးလက်ခံ
- မျှောစာတွဲ

စက်မှုဝန်ကြီးဌာန

မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း

နှင့်

ကျော်သာကုမ္ပဏီလီမိတက်

တို့

ချုပ်ဆိုသော

မြန်မာ့ထီးစက်ရုံအားငှားရမ်းဆောင်ရွက်သည့်

သဘောတူစာချုပ်

ရက်စွဲ ၊ ၂၀၁၁ ခုနှစ်၊ သြဂုတ်လ (၂၆) ရက်

မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း နှင့် ကျော်သာကုမ္ပဏီလီမိတက် တို့၏ မြန်မာ့ထီးစက်ရုံ စက်ရုံနှင့်စက်ပစ္စည်းကိရိယာများ ငှားရမ်းသည့် သဘောတူစာချုပ်

ဤ စာချုပ်ကို နေပြည်တော်တွင် ၂၀၁၁ခုနှစ်၊ ဩဂုတ်လ(၂၆)ရက်နေ့၌ ဦးမောင်မောင်တိုး ကိုယ်စားပြုသော မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း (နောင်တွင်အငှားချထားသူဟုခေါ်တွင်စေပြီး ယင်း ဖော်ပြချက်တွင် အဆိုပါလုပ်ငန်းအား ဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခံရသူများ ပါဝင်သည်) ကတစ်ဖက်

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ လမ်း(၅၀)၊ အမှတ်(၉၈)နေ ဦးဝင်းလွင်၊ အမျိုးသားမှတ်ပုံတင်အမှတ်(၁၂/ဗတထ(နိုင်)၀၂၈၆၃၉)ကိုယ်စားပြုသော ကျော်သာကုမ္ပဏီလီမိတက် (နောင်တွင် အငှားချထားခြင်းခံရသူဟု ခေါ်တွင်စေပြီး ယင်းစကားရပ်တွင် ၎င်းတို့ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်။) က အခြားတစ်ဖက် တို့သည် အောက်ပါစည်းကမ်းချက်များကို သတ်မှတ်၍ နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုကြပါသည်။

အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း

၁။ 'အငှားချထားသူ' သည် နောက်ဆက်တွဲတွင် အသေးစိတ်ဖော်ပြထားသော စက်ရုံ၊ မြေ ၊ အဆောက်အဦနှင့် စက်ပစ္စည်းများကို ပိုင်ဆိုင်သူ ဖြစ်ပြီး 'အငှားချထားခြင်းခံရသူ' သည် စာချုပ်ကို အကောင် အထည်ဖော်ဆောင်ရွက်ရန် ငွေကြေးပြည့်စုံပြီး စာချုပ်ပါ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသူ ဖြစ်သည်။ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူများသည် ဤစာချုပ်တွင် လက်မှတ်ရေးထိုးရန် အခွင့်အာဏာ ရှိသူများဖြစ်ကြောင်းကို အသီးသီးအာမခံကြပါသည်။

အငှားချထားမည့်ပစ္စည်းများ

၂။ 'အငှားချထားခြင်းခံရသူ' သည် အောက်ပါ 'အငှားချထားသူ ' ပိုင် စက်ရုံ၊ မြေ ၊အဆောက် အဦနှင့် စက်ပစ္စည်းများကို ငှားရမ်း၍ ထီးအမျိုးမျိုးထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည် -

(က) စက်ရုံအမည်နှင့် တည်နေရာ - မြန်မာ့ထီးစက်ရုံ
အမှတ်(၁၁၁)၊ ရန်ကုန်-အင်းစိန်လမ်း၊
(၉)ရပ်ကွက်၊လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

(ခ)	မြေ	-	၂. ၃၃၆ ဧက
(ဂ)	အဆောက်အဦများ	-	နောက်ဆက်တွဲ (က)
(ဃ)	စက်ပစ္စည်းကိရိယာများ	-	နောက်ဆက်တွဲ (ခ)
(င)	ရုံးသုံးပစ္စည်းများ	-	နောက်ဆက်တွဲ (ဂ)
(စ)	ရုံးသုံးပရိဘောဂများ	-	နောက်ဆက်တွဲ (ဃ)
(ဆ)	အခြားပစ္စည်းများ	-	နောက်ဆက်တွဲ (င)

ငှားရမ်းမည့်အချိန်ကာလ

၃။ ငှားရမ်းမည့်အချိန်ကာလမှာ ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့မှ ၂၀၂၁ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့အထိ (၁၀)နှစ်ကာလဖြစ်သည်။

စာချုပ်သက်တမ်း

၄။ ၂၀၁၁ ခုနှစ် စက်တင်ဘာလ(၁)ရက်နေ့မှ ၂၀၂၁ ခုနှစ် ဩဂုတ်လ(၃၁)ရက်နေ့အထိ (၁၀) နှစ်ဖြစ်ပါသည်။

လွှဲပြောင်းပေးမည့်ဝန်ထမ်းများ

၅။ လွှဲပြောင်းပေးမည့် ဝန်ထမ်းအင်အားမှာအောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	လစာနှုန်း	ဦးရေ
(က)	၁၆၀၀၀၀ိ-၂၀၀ိ- ၁၇၀၀၀၀ိ	၁
(ခ)	၁၀၀၀၀၀ိ-၂၀၀ိ- ၁၁၀၀၀၀ိ	၄
(ဂ)	၆၅၀၀၀ိ-၁၀၀ိ- ၇၀၀၀၀ိ	၄
(ဃ)	၅၉၀၀၀ိ-၁၀၀ိ- ၆၄၀၀၀ိ	၅
(င)	၅၃၀၀၀ိ-၁၀၀ိ- ၅၈၀၀၀ိ	၉
(စ)	၄၇၀၀၀ိ-၁၀၀ိ- ၅၂၀၀၀ိ	၂၄
(ဆ)	၄၁၀၀၀ိ-၁၀၀ိ- ၄၆၀၀၀ိ	၃
(ဇ)	ပုံသေ ၃၅၀၀၀ိ	၈
(ဈ)	နေ့စား	၁
	စုစုပေါင်း	၅၉

ဝန်ထမ်းရေးရာကိစ္စရပ်များ

၆။ လွှဲပြောင်းပေးမည့်ဝန်ထမ်းများနှင့် ပတ်သက်၍ အောက်ပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) စက်ရုံရှိ လွှဲပြောင်းပေးမည့် ဝန်ထမ်းများ၏ ဝန်ထမ်းလစာများကို လစဉ် လစာထုတ်ရက်တွင် ထုတ်ပေးရမည်။

(ခ) အကြောင်းအရာတစ်စုံတစ်ရာကြောင့် လစာနှုန်းထားများ ပြောင်းလဲခဲ့လျှင် ပြောင်းလဲသည့်နှုန်းထား အတိုင်းထုတ်ပေးရမည်။

(ဂ) အခါအားလျော်စွာ ရာထူးတိုးမြှင့်ခြင်း၊ နှစ်တိုးတိုးမြှင့်ခြင်းခံရသော ဝန်ထမ်းများအတွက် တိုးမြှင့် လစာနှင့် နှစ်တိုးကိုခံစားခွင့်ပြုရမည်။

(ဃ) အငှားချထားခြင်းခံရသူသည် လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဆက်လက်တာဝန် ပေးအပ်ရမည်။

(င) ဝန်ထမ်းများ၏ လစာ၊ နှစ်တိုး၊ စရိတ်များအား နိုင်ငံတော်၏ ခွင့်ပြုနှုန်းထားများ အတိုင်း အငှားချထားခြင်းခံရသူမှ ဆက်လက်ပေးဆောင်ရမည်။ မူရင်းလစာအား နိုင်ငံတော် သတ်မှတ်နှုန်းထားထက် ပို၍ မပေးရ။ ဆုကြေးနှင့် စရိတ်များအား အငှားချ ထားခြင်း ခံရသူမှ သင့်လျော်သလို ပေးနိုင်သည်။

(စ) ဝန်ထမ်းများ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များအား အငှားချထားသူ၏ စီမံမှုဖြင့်သာ ဆောင်ရွက်ရမည်။

(ဆ) ဝန်ထမ်းများ ရာထူးတိုးခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအား နိုင်ငံတော်မှ သတ်မှတ်ထားသည့် ဝန်ထမ်းစည်းမျဉ်းများနှင့်အညီ နှစ်ဦးနှစ်ဖက်မှ ညှိနှိုင်းဆောင်ရွက်ရမည်။

(ဇ) ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ထမ်းများ နစ်နာမှုမရှိစေရေးအတွက် နှစ်ဦးနှစ်ဖက်မှ ညှိနှိုင်းဆောင်ရွက်ရမည်။

(ဈ) စက်ရုံလွှဲပြောင်းသည့်အခါ ပါရှိသော ဝန်ထမ်းများအနက် ရာထူးမှ နုတ်ထွက်လိုခြင်း၊ နှစ်ပြည့် (သို့မဟုတ်) သက်ပြည့်အငြိမ်းစားယူခြင်းများရှိပါက အငှားချထားသူထံ တင်ပြရမည်။

(ည) စက်ရုံဝန်ထမ်းအား အငှားချထားသည့် စက်ရုံနှင့်ပတ်သက်သည့် လုပ်ငန်းတာဝန်ကိုသာ ပေးအပ်ရမည်။

(၄) ဝန်ထမ်းများ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိရေးအတွက် အငှားချထားခြင်းခံရသူမှ တာဝန်ယူရမည်။

(၅) ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စများကို အငှားချထားခြင်းခံရသူမှ တာဝန်ယူရမည်။

(၃) ဝန်ထမ်းများရာထူးအနွယ် (Lien) ဆက်လက်ထိန်းသိမ်းထားပြီး ရာထူးတိုးမြှင့်ရန် အချိန်ကျ ရောက်သည့်အခါ ရာထူးတိုးမြှင့်ခြင်းကိစ္စများကို အငှားချထားသူမှ ဆောင်ရွက်ရမည်။

(ပ) ဝန်ထမ်းများ အလုပ်ခွင်တွင် မတော်တဆထိခိုက်မှုဖြစ်ပွားပါက အငှားချထားခြင်းခံရသူမှ တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဏ) ဝန်ထမ်းရေးရာကိစ္စများနှင့် ပတ်သက်၍ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဉက္ကဋ္ဌဖြင့် ဆောင်ရွက်သည့် စီမံခန့်ခွဲရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ရမည်။

ငှားရမ်းခနှုန်းထား

၇။ ငှားရမ်းခနှုန်းထားမှာ အပိုဒ်(၂)ပါ စက်ရုံ မြေ၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ အပါအဝင် တစ်နှစ်လျှင် ကျပ် (၄၉. ၇၇၈)သန်း(ကျပ်လေးဆယ့်ကိုးသန်း ခုနစ်သိန်းခုနှစ်သောင်းရှစ်ထောင်တိတိ) ဖြစ်ပါသည်။

၈။ ငှားရမ်းခအား (၆)လတစ်ကြိမ်ပြန်လည်သုံးသပ်၍ နှစ်ဦးသဘောတူညှိနှိုင်းပြီး စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီအတည်ပြုချက်ဖြင့် ပြင်ဆင်သတ်မှတ်နိုင်သည်။

ငှားရမ်းခပေးချေခြင်း

၉။ အငှားချထားခြင်းခံရသူသည် (၃)လအတွက် ငှားရမ်းခကျသင့်ငွေ ကျပ်(၁၂. ၄၄၄၅)သန်းကို (၃)လတစ်ကြိမ် (၃)လပြည့်သည့် လ၏ နောက်ဆုံးပတ်အတွင်း ပေးသွင်းရမည်။

၁၀။ အငှားချထားသူနှင့် အငှားချထားခြင်းခံရသူသည် လိုအပ်ပါက(၃)လလျှင်တစ်ကြိမ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ပြန်လည်သုံးသပ်၍ ငှားရမ်းခပေးချေမည့် အစီအစဉ်အား စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ၏ ဆုံးဖြတ်မှုဖြင့် ပြန်လည်ပြင်ဆင် ဆောင်ရွက် နိုင်သည်။

အငှားချထားခြင်းခံရသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၁။ 'အငှားချထားခြင်းခံရသူ' ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြေ၊ အဆောက်အဦ၊ စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပစ္စည်းများ၊ ရုံသုံးကိရိယာများနှင့် အခြားပရိဘောဂများကို နောက်ဆက်တွဲ(က)မှ (င) အထိပါအတိုင်း ငှားရမ်းဆောင်ရွက်ရမည်။

(ခ) စက်ရုံအား စတင်ငှားရမ်းသည့်အချိန်မှစ၍ စက်ရုံနှင့် ပတ်သက်သည့် ဌာနအလိုက် စာရွက်စာတမ်းများ၊ စာရင်းဇယားများအားလုံးအား စာရင်းစစ်အစစ်ဆေးခံနိုင်ရေးနှင့် အခြားလိုအပ်သည်များဆောင်ရွက်နိုင်ရန် စက်ရုံစတင်ငှားရမ်းသည့်နေ့ထိရှိသည့် အတိုင်း စနစ်တကျထိန်းသိမ်း ဆောင်ရွက်ရမည်။

(ဂ) စက်ရုံအဆောက်အဦနှင့် စက်ပစ္စည်းများအား လိုအပ်သည့် ပြင်ဆင်မွမ်းမံခြင်းများ ဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းများတိုးချဲ့ခြင်းနှင့် စက်ပစ္စည်းများထပ်မံတိုးချဲ့တပ်ဆင်ခြင်းများကို အငှားချထားသူ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(င) အငှားချထားသည့် စက်ရုံတွင် အသုံးပြုသော လျှပ်စစ်၊ ရေ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ အသုံးပြုကြေးနှင့် အခွန်အခများအား သတ်မှတ်ရက်အတွင်း အချိန်မီ ပေးဆောင်ရမည်ဖြစ်ပြီး၊ ပေးဆောင်ထားသည့် ပြေစာအထောက်အထား မိတ္တူများအား အငှားချထားသူထံ လစဉ်ပေးပို့ရမည်။

(စ) အငှားချထားသည့် ပစ္စည်းအားလုံးကို လျော်ကန်သင့်မြတ်သော သတိဝီရိယဖြင့် ကောင်းမွန်စွာ ထိန်းသိမ်းထားရမည်။ လျှပ်စစ်ဓါတ်အားသုံးစွဲမှုကို တည်ဆဲဥပဒေ စည်းမျဉ်းများနှင့်အညီ သုံးစွဲပြီးမီးဘေးကာကွယ်ရေး အစီအမံများ လုံလောက်စွာထားရှိရမည်။

(ဆ) အငှားချထားသူ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အဦပိုင်းဆိုင်ရာ ပုံစံပြောင်းလဲဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းများမပြုလုပ်ရ။

(ဇ) အငှားချထားသည့် ပစ္စည်းများကို တဆင့် ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ သို့မဟုတ် တနည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း၊ အသုံးပြုခွင့်ပေးခြင်း စသည်တို့လုံးဝ မပြုလုပ်ရ။

(ဈ) အငှားချထားသည့် စက်ရုံ၏အခြေအနေများကိုလည်းကောင်း၊ ထုတ်လုပ်ဖြန့်ဖြူး

ရောင်းချ သည့် ပစ္စည်းများ၏ အရည်အသွေးကိုလည်းကောင်း၊ စစ်ဆေးရန်လိုအပ်ပါက အငှားချထားသူက နည်းလမ်းတကျလုပ်ကိုင်ခွင့်ပေးအပ်သော ကိုယ်စားလှယ် များကို ဝင်ရောက်ခွင့်ပြုရမည်။

(ည) အငှားချထားသည့် ပစ္စည်းများနှင့်ပတ်သက်၍ မြေခွန်မှအပ စည်ပင်သာယာခွန်နှင့် အခြား အခွန်အခများ နှင့် ထုတ်လုပ်မှုနှင့် သက်ဆိုင်သည့် အခွန်အခအမျိုးမျိုးကို ကျခံ ပေးဆောင်ရမည်။

(ဋ) ဤအငှားစာချုပ်သက်တမ်းကုန်သည့်အခါ အငှားချစက်ရုံကို မူလငှားရမ်းစဉ်က အခြေအနေအတိုင်း ပြုပြင်မွမ်းမံထိန်းသိမ်းထားရမည်။ သို့ရာတွင် အကျိုးအကြောင်း ဆီလျော်မှုရှိသောပွန်းပဲ့ခြင်းများအတွက် ပြောင်းလဲမှုများကို ခွင့်ပြုလက်ခံနိုင်သည်။

(ဌ) စက်ရုံငှားရမ်းရေး စာချုပ်သက်တမ်းကုန်ဆုံးသည့်နေ့မှ (၁၅) ရက်အတွင်း အငှားချထားသူအား အငှားချထားသည့် ပစ္စည်းအားလုံးကို ငှားရမ်းစဉ်အခြေအနေအတိုင်း အဖိုးစားနားမပါရှိဘဲ အငှားချထားသူ၏လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ရမည်။

(ဍ) အငှားချထားသည့် စက်ရုံတွင်တပ်ဆင်မှုများ ပုံစံပြောင်းလဲမှုနှင့် တိုးချဲ့မှုများ အားလုံးသည် ငှားရမ်းခြင်းစာချုပ် သက်တမ်းကုန်ဆုံးသည့်အချိန်တွင် အခကြေးငွေပေးရန် မလိုဘဲ အငှားချထားသူပိုင် ပစ္စည်းများ အလိုအလျောက်ဖြစ်လာရမည်။ အကယ်၍ မိမိတပ်ဆင်ထားသော ပစ္စည်းအား အငှားချသည့် အဆောက်အဦ လွှဲပြောင်းချိန်တွင် ပြန်လည်ဖြုတ် ယူသွားလိုပါက ယင်းပစ္စည်းများအား တပ်ဆင်ခြင်းမပြုမီက တည်းက နှစ်ဖက်ညှိနှိုင်းအတည်ပြုချက်ရယူထားရမည်။ သို့ရာတွင် လေအေးပေးစက်များ၊ လျှပ်စစ်ထုတ်စက်များနှင့်အခြားရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကိုမူ ထားခဲ့ရန် မလိုဘဲ ဖြုတ်ယူသွားနိုင်သည်။

(ပ) စက်ရုံကိုလက်ခံသည့်နေ့တွင် စက်ရုံ၌ရှိသော ကုန်ကြမ်းများ စက်အရန်ပစ္စည်းများ၊ စက်သုံးဆီများအစရှိသည့် ကုန်ခမ်းနိုင်သည့်ပစ္စည်းများကို ဆက်လက်အသုံးပြုလိုပါက နှစ်ဖက်ညှိနှိုင်း၍ သတ်မှတ်ထားသည့် တန်ဖိုးဖြင့် ဝယ်ယူပြီးအသုံးပြုနိုင်ခွင့်ရှိသည်။

(ဏ) ကုန်ချောပစ္စည်းများကို သတ်မှတ်စက်စွမ်းအားထက်မကျော်လွန်စေဘဲ ထုတ်လုပ်ခွင့်ရှိပြီး ပြင်ပဈေးကွက်တွင် မိမိကြိုက်နှစ်သက်သည့်ဈေးနှုန်းဖြင့် လွတ်လပ်စွာ ရောင်းချခွင့်၊ သိုလှောင်ခွင့်၊ သယ်ယူခွင့်ရှိသည်။

(တ) စက်ရုံမှ လက်ရှိထုတ်လုပ်နေသော ကုန်အမှတ်တံဆိပ်ကိုဆက်လက်အသုံးပြုပါက အရည်အသွေးကျဆင်းမှုမရှိစေရန် စံချိန်စံညွှန်းနှင့်ကိုက်ညီသောကုန်ကြမ်းများကို သတ်မှတ်ထားသော အချိုးအစားအတိုင်းအသုံးပြုထုတ်လုပ်ရမည်။

(ထ) မိမိ၏ ကိုယ်ပိုင်ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်လိုက ထုတ်လုပ်ခွင့်ရှိသည်။ သို့ရာတွင် အဆိုပါ ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ မူပိုင်အခွင့်အရေးများကိုချိုးဖောက်ကြောင်း တရားစွဲဆိုခံရလျှင် အငှားချထားခြင်းခံရသူ၏ တာဝန်သာဖြစ်သည်။

(ဒ) စက်ရုံမှ မထုတ်လုပ်ဘူးသော ကုန်ပစ္စည်းအမယ်သစ်ကို ထုတ်လုပ်လိုပါက အငှားချထားသူ၏ ကြိုတင်ခွင့်ပြုချက်ရပြီးမှသာ ထုတ်လုပ်နိုင်ခွင့်ရှိသည်။

(ဓ) အငှားချထားသည့်စက်ရုံအတွက် အလုံးစုံအာမခံကို မြန်မာ့အာမခံလုပ်ငန်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ထားရှိရမည်ဖြစ်ပြီး ၊ အာမခံသက်တမ်းကျော်လွန်မှု မရှိစေရေး တာဝန်ယူ ဆောင်ရွက်ရမည်။

(န) အငှားချထားသည့်စက်ရုံမှ ထွက်ရှိသောအခိုးအငွေ့များနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ရှိ မြေထု၊ ရေထု ၊ လေထု တို့ကိုညစ်ညမ်းအောင်မပြုရ။

(ပ) အငှားချထားခြင်းခံရသူသည် ငှားရမ်းစက်ရုံနှင့်ပတ်သက်၍ ပတ်ဝန်းကျင်အတွက် အနှောက်အယှက်ဖြစ်စေမည့် ဆူညံသံများ၊ အခြား အနှောက်အယှက်ဖြစ်စေမည့် အန္တရာယ်ကိုကြိုတင်ကာကွယ်တားဆီးရမည်။ အကယ်၍ မလွှဲမရှောင်သာဘဲ ဖြစ်ပွားပါကအငှားချထားခြင်းခံရသူကကိစ္စကျေနပ်ပြီးဆုံးသည့်တိုင်အောင်တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည်။

(ဖ) အငှားချထားသည့် စက်ရုံတွင်ခွင့်ပြုထားသည့် လုပ်ငန်းမှအပ ဥပဒေနှင့်မညီညွတ်သော လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

(ဗ) အငှားချထားခြင်းခံရသူမှ ဆောင်ရွက်မည့် လုပ်ငန်းအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် အထောက်အထားများထားရှိပြီး အငှားချထားသူထံမိတ္တူတစ်စုံအပ်နှံထားရမည်။

(ဘ) စက်ကိရိယာများအား အမှန်တကယ်ထုတ်လုပ်နိုင်သည့် သတ်မှတ်စက်စွမ်းအားထက် ကျော်လွန်ထုတ်လုပ်ရန် အသုံးမပြုရ၊ သတ်မှတ်ထားသည့် စက်ကြံ့ခိုင်ရေးများပြုလုပ်ရန် သင့်လျော်သော စက်ရပ်နားချိန်များ သတ်မှတ်ထားရမည်။

(မ) အငှားချထားသည့်စက်ရုံ၏ အုပ်ချုပ်မှုနှင့် ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့် ဒီဇယ်၊ ဓါတ်ဆီတို့အား အငှားချထားခြင်းခံရသူ၏ အစီအမံဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(ယ) အငှားချထားသည့်စက်ရုံ၏ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့် မီးထိုးဆီနှင့် သဘာဝဓါတ်ငွေ့အတွက် ကျသင့်ငွေများအား စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်နှုန်းထား အတိုင်းပေးချေရမည်။

(ရ) စက်ရုံရှိ မော်တော်ယာဉ်များနှင့်ပတ်သက်၍ စက်သုံးဆီနှင့်ပြုပြင်ထိန်းသိမ်းမှုများကို အငှားချထားခြင်းခံရသူမှ တာဝန်ယူဆောင်ရွက်ပေးရမည်။

အငှားချထားသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ အငှားချထားသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) အငှားချထားခြင်းခံရသူအား အငှားချထားသည့် ပစ္စည်းများကို အသုံးပြု၍ ကုန်ပစ္စည်းများ ထုတ်လုပ်ခွင့်ပေးရမည်။

(ခ) စက်ရုံတွင် တပ်ဆင်ထားပြီးသော လျှပ်စစ်၊ရေ၊ တယ်လီဖုန်းတို့ကို အငှားချခြင်းခံရသူအား ဆက်လက်အသုံးချခွင့်ပြုရမည်။

(ဂ) စက်ရုံတွင် တပ်ဆင်ထားပြီးသော လျှပ်စစ်၊ရေ၊ တယ်လီဖုန်းတို့ကို အငှားချခြင်းခံရသူအားဆက်လက်အသုံးချခွင့်ပြုရမည့်အပြင် စက်ရုံတွင် အသုံးပြုသော လျှပ်စစ်၊ ရေ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ အသုံးပြုကြေးနှင့် အခွန်အခများအား အငှားချထားခြင်းခံရသူမှ လစဉ် အချိန်မီ ပေးဆောင်မှု ရှိ/မရှိ စိစစ်ရမည်။

(ဃ) အငှားချထားသည့်စက်ရုံ၏ ကုန်ထုတ်လုပ်မှုအတွက်လိုအပ်သည့် မီးထိုးဆီနှင့် သဘာဝဓါတ်ငွေ့များ ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(င) အငှားချထားသည့် စက်ရုံအခြေအနေများကို လည်းကောင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ပစ္စည်းများကို လည်းကောင်း နည်းလမ်းတစ်ကျ လုပ်ပိုင်ခွင့်ပေးအပ်သော ကိုယ်စားလှယ်များစေလွှတ်၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

(စ) စက်ရုံအတွက်ကျသင့်သည့်မြေခွန်ကို ပေးဆောင်ရမည်။

(ဆ) အငှားချထားသည့်စက်ရုံနှင့် သက်ဆိုင်သော အာမခံများ၏ အာမခံသက်တမ်း ကျော်လွန်မှု မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

စာချုပ်သက်တမ်းတိုးခြင်း

၁၃။ အငှားချထားခြင်းခံရသူသည် စက်ရုံငှားရမ်းရေးစာချုပ် သက်တမ်းကုန်ဆုံးပြီးနောက် အငှားချစက်ရုံကို ဆက်လက်ငှားရမ်းလိုပါက နောက်ထပ်ငှားရမ်းလိုသည့်ကာလနှင့် ငှားရမ်းခနှုန်းထားကို ဖော်ပြလျက် စာချုပ်သက်တမ်းတိုးမြှင့်ပေးပါရန် အငှားချထားသူထံ စာချုပ်သက်တမ်းမကုန်ဆုံးမီ(၃) လ ကြိုတင်၍စာဖြင့်တင်ပြရမည်။ ထပ်မံငှားရမ်းမည့်ကာလအတွက် နှစ်စဉ်ငှားရမ်းခနှုန်းထားကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းသက်မှတ်ရမည်။ စာချုပ်သက်တမ်းတိုးခြင်း၊ စာချုပ်အတည်ဖြစ်ခြင်း ၊ စာချုပ်

ပြင်ဆင်ခြင်း၊ စာချုပ်ရပ်စဲခြင်းတို့သည် စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ၏ အတည် ပြုချက်ရရှိမှသာ အတည်ဖြစ်စေရမည်။

အငြင်းပွားမှုဖြေရှင်းခြင်း

၁၄။ ဤစာချုပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထိုအငြင်းပွားမှုကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် နှစ်ဦးနှစ်ဖက်ဖြေရှင်းကြရမည်။ ထိုကဲ့သို့ ဖြေရှင်းမရနိုင်ပါက ဥပဒေနှင့်အညီ သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ဆုံးဖြတ်ချက်ကို ခံယူရမည်။

သယံဇာတပစ္စည်းဆိုင်ရာကိစ္စ

၁၅။ ဤစာချုပ်၏ သက်တမ်းအတွင်း ယခုလုပ်ငန်းဆောင်ရွက်သည့် မြေ၏မြေပေါ်မြေအောက်မှ မမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များ၊ ရေနံဓါတုဆိုင်ရာပစ္စည်းများ၊ သဘာဝသယံဇာတပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများ၊ ကျောက်မျက်ရတနာများ အစရှိသည်တို့ တွေ့ရှိလျှင် ထိုပစ္စည်းများကို အငှားချထားသူက ပိုင်ဆိုင်ရမည့်အပြင် အငှားချထားသူသည် ထိုပစ္စည်းများကို နိုင်ငံတော်အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းတင်ပြရမည်။ အငှားချထားသူသည် အဆိုပါ သယံဇာတပစ္စည်းများကို မည်သည့် အချိန်တွင် မဆိုလွတ်လပ်စွာ တူးဖော်ပိုင်ခွင့်ရှိစေရမည်။

ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း

